# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟာဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၁၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး ဗိုလ်ချုပ်ကြီး ဒီရစ်ဘွန်ကန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး ဗိုလ်ချုပ်ကြီး ဒီရစ်ဘွန်ကန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ကောင်းမွန်လျက်ရှိသည့် အခြေအနေများဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် Army Operations Center၊ Neighboring Countries Coordination Center (NCCC) ဌာနတာဝန်ခံ General Direk Bongkarn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

### ယနေ့ ဖတ်စရာ


**ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် အဆောက်အဦများ ပျက်စီးခဲ့မှု အခြေအနေနှင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ** ပြည်တွင်းသတင်း စာ ၄

**သတင်းမီဒီယာများတွင် အကြမ်းဖက်အဖွဲ့အစည်းများကို အားပေးအားမြှောက်ပြုသည့်သတင်းများ၊ ပြည်သူများ အထိတ်တလန့်ဖြစ်စေသည့်သတင်းများ၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေမည့်သတင်းများကို ရေးသားဖော်ပြခြင်း မပြုရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အရေးယူဆောင်ရွက်မည်ဟု ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြောကြား** ပြည်တွင်းသတင်း စာ ၉

# နိုင်ငံ့ဂုဏ်သိက္ခာကို ထိပါးမှုနှင့် နိုင်ငံနှင့် လူမျိုးအတွက် အန္တရာယ်

နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာကျဆင်းအောင် မျက်နှာအိုးမဲသုတ်နေသည့် အကြောင်းအရာ နှစ်ခုရှိသည်။ တစ်ခုမှာ မူးယစ်ဆေးဝါးတရားမဝင် ထုတ်လုပ်ရောင်းချခြင်းနှင့် နောက်တစ်ခုမှာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်းများပင်ဖြစ်သည်။ မူးယစ်ဆေးဝါးနှင့် စပ်လျဉ်း၍ ဘိန်းစိုက်ပျိုးခြင်း၊ ဓာတုပစ္စည်းများကို အခြေခံ၍ ထုတ်လုပ်သည့် မူးယစ်ဆေးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးများ ထုတ်လုပ်ခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်းတို့မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး အွန်လိုင်းငွေလိမ်မှုနှင့် လောင်းကစားလုပ်ငန်းများမှာ များစွာမကြာလှသေးသော်လည်း နိုင်ငံ၏ပုံရိပ်ကို များစွာညှိုးနွမ်းစေခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ နယ်နိမိတ်သည် အိမ်နီးချင်းနိုင်ငံ ငါးနိုင်ငံနှင့် ထိစပ်လျက်ရှိပြီး နယ်စပ်ဒေသအများစုမှာ ခေတ်အဆက်ဆက်က ပင် နိုင်ငံတော်အစိုးရ၏ တရားဥပဒေစိုးမိုးမှုနှင့် အလှမ်းဝေးကြသည်။ မိုင်ပေါင်းထောင်ချီသည့် နယ်နိမိတ်မျဉ်းတစ်လျှောက်တွင် လူမျိုးစုလက်နက်ကိုင်အဖွဲ့များက သူ့နေရာနှင့်သူ ထိန်းချုပ်ထားကြပြီး ပြည်တွင်းမှ ဓာတ်သတ္တုနှင့် သယံဇာတများ၊ ကျောက်စိမ်း ကျောက်မျက်များ၊ သစ်နှင့် တောရိုင်းတိရစ္ဆာန်များ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ရောင်းဝယ်ဖောက်ကားခြင်း၊ မူးယစ်ဆေးများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း၊ ယခုနောက်ဆုံးကျားဖြန့် ခေါ် အွန်လိုင်းငွေလိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်းများနှင့် ဆက်စပ်နေသော ရာဇဝတ်မှုများ ကျူးလွန်ခြင်းတို့မှာ အဆိုပါဒေသများတွင် ဖြစ်ပေါ်နေခြင်းဖြစ်သည်။ အဆိုပါ တရားမဝင်လုပ်ငန်းများမှာ ဒေသအသီးသီးကို ထိန်းချုပ်ထားကြသည့် လက်နက်ကိုင်အဖွဲ့အသီးသီးတို့၏ အသက်သွေးကြောများပင်ဖြစ်ပြီး လက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်ပိုင်းတို့ကို သန်းကြွယ်၊ ကုဋေကြွယ်သူဌေးများအဖြစ် ပြည်ပနိုင်ငံများတွင် စည်းစိမ်ခံဘဝများကို ပိုင်ဆိုင်နိုင်စေသည်။ ဤသည်မှာ လူမျိုးစုလက်နက်ကိုင်အဖွဲ့အများစုတို့ ငြိမ်းချမ်းရေးအတွက် ရွှေလက်နှင့်ခေါ်လည်း မလာရသည့် အကြောင်းရင်းတစ်ရပ်လည်းဖြစ်သည်။

လူမျိုးစုလက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားသည့်ဒေသများရှိ တရားမဝင်လုပ်ငန်းများအနက် ကျားဖြန့်အွန်လိုင်းငွေလိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်းမှာ နောက်ဆုံးပေါ်လုပ်ငန်းဖြစ်ပြီး ၎င်းလုပ်ငန်းများ မည်မျှကြီးထွားနေသည်ကို မိမိတို့ပြည်တွင်းနေ ပြည်သူအများစုမှာ မသိရှိနိုင်ကြဘဲ အခြားနိုင်ငံများမှ သတင်းများတွင် တွေ့ရှိရမှသာ အံ့သြကြရခြင်းဖြစ်သည်။ နယ်စပ်မျဉ်းနှင့် ကပ်လျက်တည်ရှိနေပြီး စီးပွားရေးလုပ်ငန်း မည်မည်ရရ မပြနိုင်သည့်မြို့တွင် အမေရိကန်ပြည်ထောင်စုရှိ လတ်စ်ဗီးဂတ်စ်မြို့ကြီးအလား လျှပ်စစ်ရောင်စုံမီးများ ထိန်ထိန်ညီးကာ စည်ကားနေပုံများ၊ နတ်ဘုံတမျှ ခမ်းနားလှပသည့် အဆိုပါမြို့မှ ငရဲခန်းများ၊ မြန်မာတစ်နိုင်ငံလုံး၏ ဂျီဒီပီထက် နှစ်ဆ သုံးဆများပြားသည့် လိမ်လည်မှုနှင့် လောင်းကစားမှု ငွေပမာဏများ စသည်တို့မှာ မြန်မာပြည်သူများအတွက် ပါးစပ်အဟောင်းသား အံ့သြဖွယ်ရာများချည်းသာဖြစ်သည်။ လူ့ခန္ဓာကိုယ်တွင် အနာရောဂါစွဲကပ်သလို နိုင်ငံတွင် စွဲကပ်လာသည့် အွန်လိုင်းငွေလိမ်ဂိုဏ်းများနှင့် ၎င်းတို့ ကျူးလွန်နေကြသည့် ရာဇဝတ်မှုများမှာ မိမိတို့နိုင်ငံကို နိုင်ငံတကာက အထင်အမြင်လွဲမှားဖွယ်ဖြစ်သကဲ့သို့ နိုင်ငံနှင့် လူမျိုးအတွက်လည်း အန္တရာယ်ဖြစ်ရာ မည်သည့်နည်းနှင့်မဆို ဖယ်ရှားရှင်းလင်း နှိမ်နင်းသွားရမည်သာ ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်တွင်းမတည်မငြိမ်မှုများ ဖြစ်ပေါ်နေချိန်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အပြင်းအထန်ဆောင်ရွက်နေရချိန်တွင် အခွင့်ကောင်းယူကာ နိုင်ငံအစွန်အဖျားဒေသများတွင် ဝင်ရောက်ခြေရှုပ်လာသည့် ပြည်ပရာဇဝတ်ဂိုဏ်းများနှင့် ပြည်တွင်းလောက်ကောင်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မဖြစ်မနေ ချေမှုန်းရာတွင် နိုင်ငံသူ နိုင်ငံသားအားလုံး တစ်တပ်တစ်အား ပါဝင်ကြရပါမည့်အကြောင်း။ ။




## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၈ ဖွဲ့ရှိပြီး လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၅ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၅ ပါတီအနက် ဦးဇော်မင်းဦး ခေါင်းဆောင်သည့် **ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)** က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်သည်။ ယင်းပါတီကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

**၂၁ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၄၁၀,၀၀၀) ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်


**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*❑ ရှေ့ဖုံးမှ*

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ကောင်းမွန်လျက်ရှိသည့်အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား ခေါင်းဆောင်များနှင့် အဆင့်မြင့်တပ်မတော်အရာရှိကြီးများ အချင်းချင်း ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အဆင့်အလိုက် အစည်းအဝေးများ နှစ်စဉ်အောင်မြင်စွာကျင်းပနိုင်မှု အခြေအနေများ၊ နယ်စပ်ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် တရားမဝင်လူကုန်ကူးမှုများ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုများ ပပျောက်ရေးအတွက် နှစ်နိုင်ငံ အစိုးရနှင့်တပ်မတော်အကြား ပူးပေါင်းဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ ထိုင်းနိုင်ငံမှ မြန်မာရေပိုင်နက်အတွင်း တရားမဝင် ငါးဖမ်းလှေနှင့် လှေလုပ်သားများအပေါ် မြန်မာနိုင်ငံမှ အရေးယူထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်လိုသည့် အစီအစဉ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့် တပ်မတော်အရာရှိကြီးများ ချစ်ကြည်ရေးခရီးများ လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး ဗိုလ်ချုပ်ကြီး ဒီရစ်ဘွန်ကန်တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့်အတူ ထိုင်းဘုရင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းတပ်စစ်သံမှူး Senior Colonel Thanwit Yomchinda (တန်ဝစ်ယုံချင်ဒါ) တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**“ နှစ်နိုင်ငံ အစိုးရနှင့်တပ်မတော်အကြား ပူးပေါင်းဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ ထိုင်းနိုင်ငံမှ မြန်မာရေပိုင်နက်အတွင်း တရားမဝင် ငါးဖမ်းလှေနှင့် လှေလုပ်သားများအပေါ် မြန်မာနိုင်ငံမှ အရေးယူထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်လိုသည့် အစီအစဉ်များ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်တပ်မတော်အရာရှိကြီးများ ချစ်ကြည်ရေးခရီးများ လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေး ”**

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂) ဖြစ်သူ ဒါတိုဆရီ ဆတီယာဟာဂျီ အယ်ရီဝမ်ဘင်ပီဟင်ယူဆွတ်၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

သတင်းစဉ်

## ကော့မှူး၌ ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**ကော့မှူး ဇန်နဝါရီ ၂၁**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြို အထိမ်းအမှတ်အဖြစ် လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသော လူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် အောင်ဇမ္ဗူ အားကစားကွင်း၌ ကျင်းပသည်။

တွံတေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်နွယ်က အမှာစကားပြောပြီး တွံတေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်း ၁၆ သင်းမှ ပြိုင်ပွဲဝင် အားကစားသမားများအား တွေ့ဆုံအားပေးသည်။

ထို့နောက် အားကစားအသင်းများ ယှဉ်ပြိုင်ကစားကြခဲ့ကြောင်း သိရသည်။ **ကျော်သူရ (ကော့မှူး)**



# ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် အဆောက်အဦများ ပျက်စီးခဲ့မှု အခြေအနေနှင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကယားပြည်နယ်အတွင်း အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ လူနေအဆောက်အဦများ၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အဆောက်အဦများကို အကာအကွယ်ရယူ၍ အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည့်အပြင် စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကာ ပညာရေးဆိုင်ရာ အဆောက်အဦများဖျက်ဆီးခြင်း၊ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပါမောက္ခချုပ် အပါအဝင် ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာ ဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးချုပ်နှောင်ခြင်း၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို လူသားတံတိုင်းအနေဖြင့် အကာအကွယ်ပြုတိုက်ခိုက်ခြင်း၊ နိုင်ငံအတွက် အရေးကြီးသည့် ပညာရေးဆိုင်ရာ အဆောက်အဦများကို အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခြင်း စသည့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမရှိစေဘဲ တိုင်းပြည်၏ အနာဂတ်ကို ပျက်စီးစေလိုသည့်၊ အသိဉာဏ်ကင်းမဲ့သည့် လူမဆန်သောလုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် အဆောက်အဦများ ပျက်စီးခဲ့မှုအခြေအနေနှင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ယခုအခါ ကယားပြည်နယ်လွိုင်ကော်ဒေသသည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ပုံမှန်အခြေအနေအတိုင်း ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ အဆက်မပြတ်ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိပြီး လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသခံများ၏ ပညာသင်ယူမှု အခွင့်အလမ်းများ မဆုံးရှုံးစေရေးအတွက် လွိုင်ကော်တက္ကသိုလ် အမြန်ဆုံးပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး

*စာမျက်နှာ ၅ သို့*




၁၃-၇-၂၀၂၄ ရက်က KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများက လွိုင်ကော်တက္ကသိုလ်ပေါ်မှ အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့်နေရာအား တွေ့မြင်ရစဉ်။



၁၃-၇-၂၀၂၄ ရက်က ပြည်နယ်အစိုးရဧည့်ရိပ်သာတွင် သန့်ရှင်းရေးပြုလုပ်နေမှု မှတ်တမ်းဓာတ်ပုံ။



၁၃-၇-၂၀၂၄ ရက်က KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပြည်နယ်အစိုးရဧည့်ရိပ်သာပျက်စီးနေစဉ်။



၁၃-၇-၂၀၂၄ ရက်က KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ယဉ်ကျေးမှုပြတိုက်ပျက်စီးနေစဉ်။



၁၃-၇-၂၀၂၄ ရက်က KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် လွိုင်ကော်မြို့ နှစ်ထပ်ဈေး ပျက်စီးနေစဉ်။



၁၃-၇-၂၀၂၄ ရက်က KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် လွိုင်ကော်မြို့ရှိ ဒေသခံပြည်သူများ၏ နေအိမ်များ ပျက်စီးနေစဉ်။



၁၃-၇-၂၀၂၄ ရက်က KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် လွိုင်ကော်တက္ကသိုလ်ပျက်စီးနေစဉ်။



၁၃-၇-၂၀၂၄ ရက်က KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် လွိုင်ကော်တက္ကသိုလ်ပျက်စီးနေစဉ်။



၁၃-၇-၂၀၂၄ ရက်က KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ယဉ်ကျေးမှုပြတိုက်ပျက်စီးနေစဉ်။



၁၃-၇-၂၀၂၄ ရက်က KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပြည်နယ်ရဲတပ်ဖွဲ့ရုံးရှိ မော်တော်ယာဉ်များ ပျက်စီးနေစဉ်။

*စာမျက်နှာ ၄ မှ*

အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားသည်။

**ညှိနှိုင်းအစည်းအဝေးကျင်းပ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို အရှိန်အဟုန်ဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် အဆောက်အဦများ ပျက်စီးခဲ့မှုအခြေအနေနှင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**Video Conferencing ဖြင့် တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ကယားပြည်နယ် အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးတို့က Video Conferencing ဖြင့် တက်ရောက်ကြသည်။

**တညီတညွတ်တည်းဆုံးဖြတ်ချက်ချမှတ်**

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးက ပညာရေးကို ကမ္ဘာ့လူမှုအသိုင်းအဝိုင်းက မည်မျှအလေးထားသည်ကို ကြည့်မည်ဆိုပါက စာသင်ကျောင်းများကို စစ်ရေးဆိုင်ရာအဖြစ် အသုံးပြုခြင်းများ၊ စာသင်ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းများကို တားမြစ်ထားသည့် **ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ်၊ ၂၆၀၁ (၂၀၂၁)**ကို လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံက တညီတညွတ်တည်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြကြောင်း၊ အဆိုပါဆုံးဖြတ်ချက်ထဲတွင် ပါဝင်သည့် အဓိကအချက်များအနေဖြင့် ကလေးများ၊ ကျောင်းများနှင့် ဆရာများကို မတိုက်ခိုက်ရန်၊ လက်နက်ကိုင်ပဋိပက္ခအတွင်းတွင် ပညာသင်ကြားခွင့်ကို အကာအကွယ်ပေးရန်၊ ကျောင်းများသည် ပညာရေးအတွက် လုံခြုံစိတ်ချရသည့် နေရာဖြစ်ရန်၊ ကျောင်းများသည် အရပ်ဘက်စရိုက်လက္ခဏာရှိသည်ဖြစ်၍ လေးစားကာကွယ်ရန်၊ လက်နက်ကိုင်ပဋိပက္ခဖြစ်နေပါကလည်း ပညာသင်ကြားခွင့်ကို လွယ်ကူချောမွေ့စွာ ဆက်လက်ရရှိရန်ဆိုသည့် အချက်များပင်ဖြစ်ကြောင်း။

*စာမျက်နှာ ၆ သို့*



၁၃-၇-၂၀၂၄ ရက်က KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် လွိုင်ကော်မြို့ရှိ ဒေသခံပြည်သူများ၏ နေအိမ်များ ပျက်စီးနေစဉ်။






KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများက ယဉ်ကျေးမှုပြတိုက်အတွင်းမှ အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့်နေရာအား တွေ့မြင်ရစဉ်။





KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများက ပြည်နယ်အစိုးရရိပ်သာပေါ်မှ အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့်နေရာအား တွေ့မြင်ရစဉ်။

*စာမျက်နှာ ၅ မှ*

ကမ္ဘာ့နိုင်ငံအများစုက ထောက်ခံအတည်ပြုထားသည့် **လုံခြုံစိတ်ချသည့် ကျောင်းများဆိုင်ရာကြေညာချက် (The Safe Schools Declaration)** တွင်လည်း လက်နက်ကိုင်ပဋိပက္ခ၏ အဆိုးရွားဆုံးသက်ရောက်မှုများကနေ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းများနှင့် တက္ကသိုလ်များကို ကာကွယ်ရန် အကြမ်းဖက်မှု သို့မဟုတ် တိုက်ခိုက်မှုများကို စိုးရိမ်ကြောင့်ကြစရာမလိုဘဲ ပညာသင်ကြားခွင့်ရရှိရန်၊ ဆရာ ဆရာမ၊ ပါမောက္ခနှင့်ကျောင်းအုပ်ချုပ်သူတိုင်းသည် ဘေးကင်းရေး၊ လုံခြုံရေးနှင့် ဂုဏ်သိက္ခာဆိုင်ရာ အခြေအနေများတွင် သင်ကြားသုတေသနပြုနိုင်ရန်၊ တက္ကသိုလ်တိုင်းသည် ကျောင်းသားများနှင့် ပညာရှင်များအတွက် လုံခြုံသည့် နေရာဖြစ်ရန် စသည့်အချက်များ ပါဝင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနှံ့အပြားတွင်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင့်မြင့်ပညာရပ်များကို အဆင်ပြေပြေသင်ယူလေ့လာနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီတွင် အနည်းဆုံးတက္ကသိုလ်တစ်ခု ဖွင့်လှစ်ထားရှိကြောင်း၊ ကယားပြည်နယ်တွင်လည်း လွိုင်ကော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့ကို ပြည်နယ်မြို့တော်ဖြစ်သည့် လွိုင်ကော်မြို့တွင် ဖွင့်လှစ်ထားရှိခဲ့ကြောင်း၊ လွိုင်ကော်မြို့၏ ပညာကျက်သရေဆောင် လွိုင်ကော်တက္ကသိုလ်တွင် ဝိဇ္ဇာသိပ္ပံဘာသာရပ်ဆိုင်ရာ ရိုးရိုးဘွဲ့သင်တန်းများအပြင် မဟာဘွဲ့သင်တန်းများအထိ ဖွင့်လှစ်ပို့ချခဲ့ပြီး ပြည်နယ်၊ ပြည်မမှ ဆရာ ဆရာမ



များ၊ ဝန်ထမ်းများ လာရောက်သင်ကြားပို့ချ တာဝန်ထမ်းဆောင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ နေ့သင်တန်းနှင့် အဝေးသင် သင်တန်းကျောင်းသားကျောင်းသူများစွာ အဆင့်မြင့်ပညာ ဆည်းပူးခဲ့ကြသည့် တက္ကသိုလ်တစ်ခုလည်းဖြစ်ကြောင်း။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တွင် KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့သည် စစ်ရေးပစ်မှတ်မဟုတ်သည့် ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်ကို မိုက်မိုက်မဲမဲ

*စာမျက်နှာ ၇ သို့*



*စာမျက်နှာ ၆ မှ*

မဆင်မခြင် လက်နက်ကြီး လက်နက်ငယ်များနှင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးအဖွဲ့များကိုလည်း သာလွန်အင်အားများဖြင့် အလစ်အငိုက် ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့ကြကြောင်း၊ ထိုသို့ စီးနင်းတိုက်ခိုက်ခဲ့ပြီးနောက် တက္ကသိုလ်၏ ပညာရေးဆိုင်ရာအဆောက်အဦများကို အဆင်ခြင်ကင်းမဲ့စွာ ဖျက်ဆီးခဲ့ကြကြောင်း၊ အဆိုပါတက္ကသိုလ်ကြီးတွင် တာဝန်ထမ်းဆောင်နေသည့် ပါမောက္ခချုပ်အပါအဝင် ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်း ၁၃၂ ဦးနှင့်အတူ မှီခိုသူ မိသားစုဝင် ၆၄ ဦး စုစုပေါင်း ၁၉၆ ဦးနှင့် ကျောင်းသားများ အသုတ်လိုက် အတင်းအဓမ္မဖမ်းဆီးချုပ်နှောင် ခေါ်ဆောင်သွားခြင်းခံခဲ့ရကြောင်း၊ ထိုသို့ တိုက်ပွဲဖြစ်ပွားချိန်တွင် ဆရာ ဆရာမများအနေဖြင့် နီးစပ်ရာ စာသင်ခန်းများ၊ နေအိမ်များတွင် ကြောက်လန့်တကြား ပုန်းအောင်းနေထိုင်ခဲ့ကြရကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ ထိခိုက်ဒဏ်ရာမရရှိစေရေး၊ ဘေးကင်းလုံခြုံစေရေးကို အဓိကထား ဆောင်ရွက်ခဲ့သည့်အပြင် ကယားပြည်နယ်၏ အဆင့်မြင့်ပညာသင်ကြားရာ လွိုင်ကော်တက္ကသိုလ်၏ ပင်မဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ စာသင်ဆောင်များကို တန်ဖိုးထားပြီး ထိန်းထိန်းသိမ်းသိမ်း တုံ့ပြန်ခဲ့ကြကြောင်း၊ သို့သော် KNPP/KNDFအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့သည် စစ်ရေးပစ်မှတ်မဟုတ်သည့် နိုင်ငံအတွက် တန်ဖိုးထားအပ်သော အရပ်ဘက်ပညာရေးဆိုင်ရာ အဆောက်အဦများကို ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းများ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို အသက်အန္တရာယ်ဇုန်မှ ကင်းလွတ်ရာနေရာသို့ ထွက်ခွာခွင့်ပြုရမည့်အစား အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ပြီး လူသားတံတိုင်းအဖြစ် အသုံးချခဲ့ခြင်းများသည် စစ်ရာဇဝတ်မှုကျူးလွန်ခြင်းပင်ဖြစ်ကြောင်း။

လက်နက်ဟူ၍ အပ်တိုတစ်ချောင်းတောင်မရှိသည့် မြေဖြူသာရှိသော အပြစ်မဲ့ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ နိုင်ငံ့အနာဂတ်အတွက် အားကိုးအားထားပြုရမည့် ကျောင်းသား ကျောင်းသူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် နိုင်ငံတော်၏ အနာဂတ်ကို ရိုက်ချိုးဖျက်ဆီးသည့် စဉ်းစားဉာဏ်ကင်းမဲ့သော လူမဆန်သည့် လက်နက်အားကိုး အကြမ်းဖက်လုပ်ရပ်ပင်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ဖြေဆိုရမည့် အဝေးသင်တက္ကသိုလ် တတိယအသုတ်စာမေးပွဲကိုလည်း ကျင်းပနိုင်ခြင်းမရှိတော့ဘဲ လွိုင်ကော်တက္ကသိုလ်ကြီးကို ပိတ်ခဲ့ရသည်မှာ ယနေ့အထိပင်ဖြစ်ပြီး အဆိုပါဖြစ်ရပ်ကို သိရှိကြသည့် ကမ္ဘာ့ပညာတတ် အသိုင်းအဝိုင်းအနေဖြင့် ရင်ထုမနာ စိတ်မကောင်းဖြစ်နေကြမည်မှာ အသေအချာပင်ဖြစ်ကြောင်း။

ယခုအခါ လွိုင်ကော်မြို့၏အခြေအနေမှာ တည်ငြိမ်မှုရှိနေပြီဖြစ်သည့်အတွက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ကစပြီး လွိုင်ကော်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့ကို ပြန်လည်ဖွင့်လှစ်ပေးပြီး ဒေသခံ ကျောင်းသား ကျောင်းသူများ စဉ်ဆက်မပြတ် ပညာသင်ယူမှုအခွင့်အရေးမဆုံးရှုံးအောင် ဆောင်ရွက်ပေးခဲ့ကြောင်း။

ဝိဇ္ဇာသိပ္ပံဘာသာရပ်များကို သင်ယူဆည်းပူးနိုင်သည့် နေ့သင်တန်းနှင့် အဝေးသင်တက္ကသိုလ်သင်တန်းများတက်ရောက်ရန် အခက်အခဲကြုံတွေ့နေသည့် ကျောင်းသား ကျောင်းသူ ထောင်ပေါင်းများစွာအတွက် **"လွိုင်ကော်တက္ကသိုလ် အမြန်ဆုံးပြန်လည်ပြင်ဆင်ဖွင့်လှစ်နိုင်ရေး"** ကို ယနေ့အစည်းအဝေးက ညှိနှိုင်းဆွေးနွေးပေးကြရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနက လွိုင်ကော်တက္ကသိုလ် ပျက်စီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ပြုပြင်နိုင်မည့် အခြေအနေနှင့် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်တင်ပြရန်ဖြစ်ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လွိုင်ကော်တက္ကသိုလ်ကို အထူးကိစ္စတစ်ရပ်အနေဖြင့် ပြန်လည်ပြုပြင်နိုင်ရန် ရန်ပုံငွေထုတ်ယူသုံးစွဲနိုင်မှု အခြေအနေကို ရှင်းလင်းဆွေးနွေးပေးရန်ဖြစ်ကြောင်း၊ နယ်မြေလုံခြုံရေးနှင့် အုပ်ချုပ်မှုကိစ္စများကို ကယားပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြပြီး ပံ့ပိုးပေးရန် မှာကြားလိုကြောင်း။

နိုင်ငံတော်၏ အနာဂတ်ကို ပညာနှင့်သာ တည်ဆောက်ရမည်ဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များ မွေးထုတ်နိုင်ရန်၊ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ပညာရပ်များကို စဉ်ဆက်မပြတ် ဆည်းပူးလေ့လာနိုင်ရန် လွိုင်ကော်တက္ကသိုလ်ကို မဖြစ်မနေ ပြန်လည်ပြင်ဆင်ပြီး အမြန်ဆုံးပြန်လည်ဖွင့်လှစ်သွားကြရမည်မှာ နိုင်ငံတော်၏တာဝန်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏အနာဂတ်တွင် အားထားရမည့် ကျောင်းသားလူငယ်များအတွက် လွိုင်ကော်တက္ကသိုလ် ပြန်လည်ပြုပြင်ပြီး အမြန်ဆုံးဖွင့်လှစ်နိုင်ရေးကို စိတ်စေတနာအပြည့်နှင့် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။


ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် လွိုင်ကော်တက္ကသိုလ်၏ သုံးထပ်ပင်မဆောင်၊ နှစ်ထပ် ဘွဲ့နှင်းသဘင်ခန်းမ၊ နှစ်ထပ်စာသင်ဆောင်များ၊ ရေသန့်စနစ်နှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ နှစ်ထပ် ဆရာ၊ ဆရာမများဆောင်၊ အရာရှိအိမ်ရာ၊ လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာများ၊ လေးခန်းတွဲ လေးထပ်၊ ရှစ်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာများ၊ ပါမောက္ခချုပ်နေအိမ်၊ ဒုတိယပါမောက္ခချုပ်နေအိမ်များ၊ နှစ်ထပ် ကျောင်းသား ကျောင်းသူဆောင်များ၊ အားကစားရုံနှင့် အားကစားခန်းမ၊ နှစ်ထပ် စာကြည့်တိုက်များ၊ နှစ်ထပ် ကျောင်းသား ကျောင်းသူ နားနေဆောင် ပျက်စီးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လွိုင်ကော်တက္ကသိုလ် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထူးကိစ္စရပ်အနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ဥပဒေနှင့်အညီ ထုတ်ယူသုံးစွဲနိုင်မည့် အခြေအနေများကို လည်းကောင်း၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် လွိုင်ကော်တက္ကသိုလ် ပျက်စီးမှုနှင့် ပြုပြင်ဆောင်ရွက်ရမည့် အခြေအနေ၊ လက်ရှိနယ်မြေဒေသ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ တက္ကသိုလ်ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရာတွင် ပြုပြင်ရေးလုပ်ငန်းများနှင့် အတူ စီမံအုပ်ချုပ်ရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်သွားမည့်အခြေအနေများကို လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများတွင် နည်းပညာပိုင်းဆိုင်ရာ၊ အရည်အသွေး၊ စံချိန်စံညွှန်းပိုင်းဆိုင်ရာ ပြည့်မီစေရေး ပံ့ပိုးဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက လွိုင်ကော်တက္ကသိုလ် အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းသက်သာစွာရရှိရေးနှင့် သယ်ယူပို့ဆောင်ရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အကြမ်းဖက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားမှုများကြောင့် ဘေးသင့်ခဲ့ရမှုများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ သဘာဝဘေးအန္တရာယ်ဆိုသည့် သတ်မှတ်ချက်အတွင်း အကျုံးဝင်ပါကြောင်း၊ လွိုင်ကော်တက္ကသိုလ် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်မှာကြားထားပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေကို သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အခါတွင်လည်း လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် တက္ကသိုလ်၏လိုအပ်ချက်များ ကိုက်ညီရန်အတွက် ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့အနေဖြင့် ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကဏ္ဍရပ်တစ်ခုအနေဖြင့် အရေးပါသည့် လွိုင်ကော်တက္ကသိုလ် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လွိုင်ကော်တက္ကသိုလ်၏ အဆောက်အဦများ ပျက်စီးမှု အခြေအနေ




| စဉ် | အဆောက်အဦအမည် | အတိုင်းအတာ | အရေအတွက် | ခန့်မှန်းကုန်ကျငွေ (ကျပ်သန်း) | စုစုပေါင်းကုန်ကျငွေ (ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | ၃ထပ် ပင်မဆောင် | ၄၀၀'×၈၃' | ၁ | ၃၀၀ | ၃၀၀.၀၀၀ |
| ၂ | ၂ထပ် ဘွဲ့နှင်းသဘင်ခန်းမ | ၁၈၈'×၁၆၄' | ၁ | ၃၀၀ | ၃၀၀.၀၀၀ |
| ၃ | ၂ထပ် စာသင်ဆောင် | ၂၀၈'×၃၈' | ၁၂ | ၅၀ | ၆၀၀.၀၀၀ |
| ၄ | ၂ထပ် ဆရာ/မများဆောင် (အဟောင်း) | ၁၀၀'×၃၀' | ၂ | ၅၀ | ၁၀၀.၀၀၀ |
| ၅ | ၂ထပ် ဆရာ/မများဆောင် (အသစ်) | ၁၅၈'×၃၀' | ၂ | ၅၀ | ၁၀၀.၀၀၀ |
| ၆ | ၁ထပ် အရာရှိအိမ်ယာ | ၄၀'×၃၀' | ၂ | ၁၀ | ၂၀.၀၀၀ |
| ၇ | ၄ခန်းတွဲ ၂ထပ် ဝန်ထမ်းအိမ်ယာ | ၉၆'×၂၅' | ၆ | ၂၀ | ၁၂၀.၀၀၀ |
| ၈ | ၄ခန်းတွဲ ၄ထပ် ဝန်ထမ်းအိမ်ယာ | ၁၀၀'×၃၀' | ၁ | ၅၀ | ၅၀.၀၀၀ |
| ၉ | ၈ခန်းတွဲ ၂ထပ် ဝန်ထမ်းအိမ်ယာ | ၁၀၈'×၂၇' | ၄ | ၅ | ၂၀.၀၀၀ |
| ၁၀ | ၂ထပ် ပါမောက္ခချုပ်နေအိမ် (အသစ်တည်ဆောက်ခြင်း) | ၄၀'×၃၄' | ၁ | ၂၀၀ | ၂၀၀.၀၀၀ |
| ၁၁ | ၂ထပ် ဒုတိယပါမောက္ခချုပ်နေအိမ် | ၄၀'×၃၄' | ၂ | ၂၀ | ၄၀.၀၀၀ |
| ၁၂ | ၂ထပ်(ကယားသခင်,ကယားချယ်ရီ)ကျောင်းသူများဆောင် | ၂၄၀'×၁၉၄' | ၂ | ၁၀၀ | ၂၀၀.၀၀၀ |
| ၁၃ | ၂ထပ်(လောပီတ)ကျောင်းသားများ ဆောင် | ၂၄၀'×၁၉၄' | ၁ | ၁၀၀ | ၁၀၀.၀၀၀ |
| ၁၄ | ၁ထပ် အားကစားရုံ | ၁၂၀'×၉၀' | ၁ | ၂၀ | ၂၀.၀၀၀ |
| ၁၅ | ၂ထပ် ပွဲကြည့်စင်နှင့် ဘောလုံးကွင်း | ၁၅၀'×၃၄' | ၁ | ၂၀ | ၂၀.၀၀၀ |
| ၁၆ | ၂ထပ် စာကြည့်တိုက် | ၉၀'×၃၀' | ၁ | ၅၀ | ၅၀.၀၀၀ |
| ၁၇ | ၂ထပ် ကျောင်းသား/သူနားနေဆောင် (RC) | ၈၀'×၃၂' | ၁ | ၅၀ | ၅၀.၀၀၀ |
| ၁၈ | ၆ခန်းတွဲ ၁ထပ် စားသောက်ဆိုင်ခန်းများ | ၁၂၀'×၃၅' | ၁ | ၂၀ | ၂၀.၀၀၀ |
| ၁၉ | (315) KVA Transformer & Accessories | လုပ်ငန်းတစ်ရပ် | ၂ | ၅၀ | ၁၀၀.၀၀၀ |
| ၂၀ | M&E (Internal and External lines) | လုပ်ငန်းတစ်ရပ် | | ၁၀၀ | ၁၀၀.၀၀၀ |
| ၂၁ | မှန်ဦးများနှင့် ကျောင်းပတ်လည် ခြံစည်းရိုးကာရံပေးခြင်း | ၆၀၀၀ ပေရှည် | | ၁၀၀ | ၁၀၀.၀၀၀ |
| စုစုပေါင်း | | | | | ၂,၆၁၀.၀၀၀ |



နှစ်ထပ် ပါမောက္ခချုပ်နေအိမ် (၄၀ ပေx ၃၄ ပေ) ပျက်စီးမှုအခြေအနေ
ပျက်စီးမှု ခန့်မှန်းတန်ဖိုး- ကျပ်(၂၀၀.၀၀)သန်း

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဥပဒေအသိပညာပေးဟောပြောပွဲသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး နေပြည်တော်ပြင်ပဌာနများမှ ဝန်ထမ်းများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။ **(ဃာပုံ)**

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက "ဥပဒေကိုမသိ၍ ပြစ်မှုကျူးလွန်ခဲ့သည်" ဆိုသော အဖြစ်မျိုးမဖြစ်စေရေးအတွက် နိုင်ငံသားတိုင်းဥပဒေနှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတရရှိစေရေး လိုအပ်သည်ဖြစ်ရာ အခြေခံအားဖြင့် မိမိတို့နိုင်ငံတွင် ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည့် ဥပဒေများအနက် သိသင့်သိထိုက်သော ဥပဒေများ၏ သတ်မှတ်ပြဋ္ဌာန်းချက်များကို မှတ်သားသိရှိနေရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးအဆင့်ဆင့်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့်လည်း သက်ဆိုင်ရာတည်ဆဲဥပဒေများ၊ ဥပဒေပြဋ္ဌာန်းချက်များကို သိရှိလိုက်နာရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဥပဒေအသိရှိသူများ ပေါ်ထွန်းလာစေရေးတို့အတွက် ယနေ့ဟောပြောပွဲမှရရှိခဲ့သည့် ဥပဒေဆိုင်ရာ အသိပညာဗဟုသုတများကို မိမိတို့၏နိုင်ငံနှင့်ဌာနအတွက် လက်တွေ့ကျကျ



ကောင်းစွာအသုံးချသွားကြရန်နှင့် "ဥပဒေဘောင်အတွင်း နေထိုင်ခြင်း၊ ဘေးကင်းရန်ကွာ ပြည်သာယာ" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျင့်ကြံနေထိုင်သူများဖြစ်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဥပဒေအရာထမ်းများက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတော်အစိုးရလျှို့ဝှက်ချက်အက်ဥပဒေ၊ ရာဇသတ်ကြီးဥပဒေနှင့် ဆက်သွယ်ရေးဥပဒေ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာအချက်အလက်များအပါအဝင် နိုင်ငံသားတိုင်း၊ နိုင်ငံ့ဝန်ထမ်းတိုင်း အခြေခံအားဖြင့် သိသင့်သိထိုက်သည့်ဥပဒေများအကြောင်း ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

အဆိုပါဟောပြောပွဲကို နိုင်ငံ့ဝန်ထမ်းများ ဥပဒေဆိုင်ရာ အခြေခံသဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ပြီး စည်းကမ်းရှိသော နိုင်ငံသားများဖြစ်စေရန်နှင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီး၌ ပေးအပ်သည့်တာဝန်များကို ဥပဒေနှင့်အညီ စနစ်တကျ ကျေပွန်စွာထမ်းဆောင်နိုင်သော နိုင်ငံ့ဝန်ထမ်းများဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စာရင်းများအားလုံးပြည့်စုံမှန်ကန်မှသာ နိုင်ငံ၏စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကို မှန်ကန်စွာတွက်ချက်နိုင်မည်

**နေပြည်တော် ဇန်နဝါရီ ၂၁**

စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၄-၂၀၂၅)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကား ပြောကြားသည်။



အစည်းအဝေးသို့ ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီးများ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စာရင်းအင်းပညာဌာန ပါမောက္ခ၊ မြန်မာနိုင်ငံစာရင်းအင်းပညာအသင်းဥက္ကဋ္ဌတို့က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

**မြေပြင်ကိုက်ညီမှုရှိရန်လိုအပ်**

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏စီးပွားရေးတွင် လယ်ယာ၊ သားငါး၊ စက်မှု စသည့်ထုတ်လုပ်မှုကဏ္ဍများ၏ စာရင်းများ တိကျမှန်ကန်မှုရှိရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ဧက၊ ရိတ်သိမ်းဧက၊ အထွက်နှုန်း၊ စားသုံးမှု၊ ပြည်ပတင်ပို့မှု၊ လက်ကျန်ပမာဏ စသည့်စာရင်းအင်းကိန်းဂဏန်းများသည် အမှန်တကယ် မြေပြင်အခြေအနေနှင့် ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း၊ ထို့အတူ ပြည်ပကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး၊ ငွေကြေးနှင့် လူမှုရေးဆိုင်ရာ စာရင်းများအားလုံး ပြည့်စုံမှန်ကန်မှသာ နိုင်ငံ၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP) ကို မှန်ကန်စွာတွက်ချက်နိုင်မည်ဖြစ်ပြီး နှစ်အလိုက် အမျိုးသားစီမံကိန်းများ၊ ရည်မှန်းချက်များကို ထိရောက်အောင်မြင်စွာရေးဆွဲချမှတ် အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်းကို နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတို့တွင် ၂၀၂၄ ခုနှစ် နိုဝင်ဘာအတွင်း ကောက်ယူခဲ့ကြောင်း၊ နိုင်ငံ၏ MSMEs ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးနိုင်ရေး၊ MSMEs နှင့် ပတ်သက်သည့်မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် စစ်တမ်းရလဒ်များသည် မှန်ကန်ပြည့်စုံမှုရှိရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လက်ရှိဖြစ်ပေါ်နေသော အခြေခံစားသောက်ကုန်ပစ္စည်း ဈေးနှုန်းများ၊ ဈေးကွက်အတွင်း ကုန်စည်စီးဆင်းမှု၊ စိုက်ပျိုးထုတ်လုပ်မှု၊ အထွက်နှုန်း၊ စားသုံးမှု၊ လက်ကျန် စသည့်ကိန်းဂဏန်းအချက်အလက်များ ကောက်ယူတင်ပြရာတွင် မှန်ကန်မှုရှိရေး အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း။

**အချက်အလက်များ ပြည့်စုံမှန်ကန်ရေးအရေးကြီး**

သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများကောက်ယူရာတွင် သက်ဆိုင်ရာဌာနအလိုက် အခြေခံစာရင်းများရှိမှသာ ပျက်စီးဆုံးရှုံးမှုစာရင်းနှင့် တန်ဖိုးများကို ပြုစုတွက်ချက်နိုင်မည်ဖြစ်၍ ဌာန၊ အဖွဲ့အစည်းအားလုံးက အခြေခံစာရင်းများကို ပြည့်စုံမှန်ကန်စွာ ပြုစုထားရန်နှင့် ပုံမှန် Update ပြုလုပ်ရန် လိုအပ်ကြောင်း၊ ကောက်ယူရာတွင်လည်း တူညီသည့် Format နှင့် စာရင်းများ ကောက်ယူပြီး One Mechanism, One Data, One Source ဖြစ်စေရေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ချက်ချင်း၊ ကာလတို၊ ကာလလတ်နှင့် ကာလရှည်အစီအမံများ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန်အတွက် ပျက်စီးဆုံးရှုံးမှု စာရင်းအင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရေးသည် အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၃) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ စာရင်းအင်းကဏ္ဍအလိုက် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာသူများက စာရင်းအင်းအချက်အလက်မှန်ကန်ရေး၊ အရည်အသွေးပြည့်ဝရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အင်္ဂပူမြို့နယ်၌ အာဟာရကျွေးမွေးခြင်းများဆောင်ရွက်

**အင်္ဂပူ ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရ (ပထမအကြိမ်) ကျွေးမွေးခြင်းများ ဆောင်ရွက်သည်။

အဆိုပါ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရ (ပထမအကြိမ်) ကျွေးမွေးခြင်းများဆောင်ရွက်လျက်ရှိသည့် အ-မ-က မြို့မ(မြောက်)နှင့် အ-မ-က မြို့မကျောင်းများသို့ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအေးပပစိုး၊ ရီ၊မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်သန္တာဌေးနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများက သွားရောက်ကြည့်ရှုအားပေးပြီး မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း၂၆၈ ကျောင်းတို့တွင် အာဟာရကျွေးမွေးခြင်းကိုဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သတင်းမီဒီယာများတွင် အကြမ်းဖက်အဖွဲ့အစည်းများကို အားပေးအားမြှောက်ပြုသည့်သတင်းများ၊ ပြည်သူများ အထိတ်တလန့်ဖြစ်စေသည့်သတင်းများ၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေမည့်သတင်းများကို ရေးသားဖော်ပြခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အရေးယူဆောင်ရွက်မည်ဟု ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြောကြား





**ရန်ကုန် ဇန်နဝါရီ ၂၁**

သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အမှာစကား ပြောကြားသည်။ **(ဓာတ်ပုံ)**

အစည်းအဝေးသို့ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌများ၊ တွဲဖက်အတွင်းရေးမှူးများ၊ ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့အစည်းအဝေးသည် စတုတ္ထအကြိမ် ရွေးချယ်ခံရသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ပထမဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အားပြည့်အင်ပြည့်ဖြင့် ထမ်းဆောင်နိုင်ပါစေဟု ဆုတောင်းပါကြောင်း၊ ကောင်စီဝင်များသည် အသက်အရွယ်နှင့် အတွေ့အကြုံအရ ရင့်ကျက်ပြီးသူများဖြစ်သဖြင့် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ယနေ့ဖြစ်ပေါ်နေသည့် ပကတိအခြေအနေမှန်များ၊ ပြည်တွင်း/ပြည်ပနိုင်ငံရေးအခြေအနေများကို စဉ်းစားချင့်ချိန်ဆောင်ရွက်မှသာ အကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် သတင်းမီဒီယာသည် လွန်စွာအရေးကြီးသည်ကို တက်ရောက်လာကြသူများက ပိုမိုနားလည်တတ်ကျွမ်းသူများဖြစ်သဖြင့် အကျယ်တဝင့်ရှင်းလင်းပြောကြားရန် မလိုအပ်ဟု ယူဆမိပါကြောင်းနှင့် သတင်းမီဒီယာများ၏ လွှမ်းမိုးမှုသည် မိမိတို့၏နေ့စဉ်ဘဝများကို လွန်စွာအကျိုးသက်ရောက်မှု ရှိပါကြောင်း။

### လိုအပ်သလို အရေးယူဆောင်ရွက်နေ

ယခုအခါ စာပေထုတ်ဝေမှုလုပ်ငန်းများတွင် ညစ်ညမ်းစာပေများကို ထုတ်ဝေဖြန့်ချိမှုများ တွေ့ရှိနေရသည့်အတွက် သက်ဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေရပါကြောင်း၊ ယင်းစာအုပ်များသည် လူငယ်များ၏ စဉ်းစားတွေးခေါ်မှုနှင့် ခံစားနားလည်မှုများကို လွဲမှားစေနိုင်သည့် ဟီရိဩတ္တပ္ပမရှိသော စာအုပ်စာစောင်များ ဖြစ်သဖြင့် ထိုကဲ့သို့ အရေးယူဆောင်ရွက်ခြင်းသည် နိုင်ငံနှင့် လူမျိုးအတွက် စာပေအဆိပ်သင့်မှုကို ကာကွယ်တားဆီးခြင်းဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ အလားတူ တေးသီချင်းဗီဒီယိုထုတ်လွှင့်မှုများတွင်လည်း ညစ်ညမ်းမှုများပါဝင်နေသဖြင့် လိုအပ်သလို အရေးယူ ထိန်းကျောင်းဆောင်ရွက်နေပါကြောင်း။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် မိမိ၏လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာလုပ်ဆောင်နိုင်ကြပါကြောင်း၊ အထူးသဖြင့် ယနေ့ဖြစ်ပေါ်နေသော အကြမ်းဖက်သမားများ၏ လုပ်ဆောင်မှုများအပေါ် ဝိုင်းဝန်းဆန့်ကျင်ပေးရန်နှင့် ပြည်သူများ မှန်ကန်စွာရပ်တည်ဆောင်ရွက်နိုင်ရေး မီဒီယာနည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ မဟုတ်မမှန်သတင်းများအပေါ်အခြေခံ၍ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် ထိခိုက်စေနိုင်သည့် ရေးသားဖော်ပြမှုများကိုရှောင်ကြဉ်ကာ ဆင်ခြင်တုံတရားဖြင့် အပြုသဘောရေးသားဖော်ပြပေးကြရန် တိုက်တွန်းလိုပါကြောင်း။

### ကျယ်ပြန့်စွာ အသိပေးရန်လိုအပ်

သတင်းမီဒီယာများအနေဖြင့် အကြမ်းဖက်သမားများကို အားပေးအားမြှောက်ဆန်သည့်သတင်းများ၊ ပြည်သူများ အထိတ်တလန့်ဖြစ်စေသည့် သတင်းများ၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့်သတင်းများကို ရေးသားဖော်ပြခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ကို ကျယ်ပြန့်စွာအသိပေးထားရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ ရေးသားဖော်ပြခြင်းမပြုရန်လည်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် ဝိုင်းဝန်းကြပ်မတ်ပူးပေါင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ထားသည့်စည်းကမ်းမလိုက်နာဘဲ ပုံနှိပ်ထုတ်ဝေနေသည့် ပုံနှိပ်သူ/ ထုတ်ဝေသူများအား ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ အမှတ်(၁၈-A)၌ စာဆိုဗိမာန် အဆောက်အအုံတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်ခန်းမ၌ Myanmar Land & Development Ltd; Project Director ဒေါ်ယုယုနိုင်က စာဆိုဗိမာန်အဆောက်အအုံ ရာခိုင်နှုန်းအလိုက် တည်ဆောက်ပြီးစီးနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်ကို ခံ့ညားထည်ဝါပြီး ခေတ်မီအဆောက်အအုံဖြစ်ရန်လိုအပ်ကြောင်းနှင့် ဆောက်လုပ်ပြီးစီးပါက အဆောက်အအုံအတွင်း ပြသမည့်ပစ္စည်းများ စနစ်တကျရှိစေရေးတို့ကို မှာကြားကာ စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးမှုနှင့် အခြေခံစားသုံးကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှု တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ပဲခူး ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် (၂၆)ကြိမ်မြောက် လစဉ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သင်တန်းကျောင်းများ၌ အခြေခံစားသုံးကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် သွားရောက်ကြည့်ရှုအားပေးသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုပြီး ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် က လစဉ်အငြိမ်းစားနိုင်ငံဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးတစ်လစာ အခမဲ့ထောက်ပံ့ပေးခြင်းအပြင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများအတွက် တစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သား ထောက်ပံ့ပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အငြိမ်းစားယူပြီးနောက် ကျန်းမာပျော်ရွှင်အသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် လစဉ်တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှု စစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါး တစ်လစာ လစဉ်ထောက်ပံ့ပေးခြင်း၊ အခြေခံစားသုံးကုန်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၂၁**

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကြီးကြပ်မှုဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် နေပြည်တော် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ကြီးကြပ်မှုဗဟိုကော်မတီဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဝန်ကြီးချုပ်များနှင့် ကော်မတီဝင်ကိုယ်စားလှယ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီများက အသက်(၁၈)နှစ်အထက် လူဦးရေစာရင်းများကို အဆင့်ဆင့်စိစစ်အတည်ပြုပေးပို့လျက်ရှိရာ ယင်းစာရင်းများကို ဗဟိုကော်မတီမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ စိစစ်အတည်ပြုပေးပို့လျက်ရှိကြောင်း၊ ယခုအခါ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ရွှေ့ပြောင်းလူဦးရေစာရင်းကိုလည်း ထုတ်ပြန်ခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းမှရရှိသည့် လူဦးရေကိန်းဂဏန်းအချက်အလက်များနှင့် မြေပြင်ကွင်းဆင်းကောက်ယူရာမှရရှိသည့် စာရင်းအချက်အလက်များကို မြို့နယ်အဆင့်မှစ၍ အခြေခံကျကျ တိုက်ဆိုင်စိစစ်ကာ မဲစာရင်းမှန်ကန်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### ပြုစုပေးပို့ကြရန်လို

ထို့ပြင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရာဒေသအလိုက် ရွှေ့ပြောင်းသွားလာနေထိုင်မှုများ ရှိသည့်အတွက် ယင်းတို့၏ အမည်စာရင်းများကို မဲစာရင်းတွင်ပါရှိရေးနှင့် မဲစာရင်းမထပ်စေရေး တို့အတွက် သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ် ကြီးကြပ်မှုကော်မတီ အဆင့်ဆင့်မှ အချင်းချင်းအပြန်အလှန်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကြီးကြပ်မှုကော်မတီများက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင်ရှိမည့် အသက်(၁၈)နှစ်အထက် လူဦးရေစာရင်းများကို အဆင့်ဆင့်စိစစ်အတည်ပြုပေးပို့သည့် စာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဗဟိုမဲဆန္ဒရှင်စာရင်းစီမံခန့်ခွဲမှုစနစ် (CVLMS) သို့ ထည့်သွင်း၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပြန်အလှန်စိစစ်လျက်ရှိရာ အချက်အလက်ကွဲလွဲမှုနှင့်မပြည့်စုံမှု၊ အချက်အလက်ထပ်နေမှုနှင့်မပါရှိမှု စသည့်ကွဲလွဲမှုများ မဖြစ်ပေါ်စေရေးအတွက် အဆင့်ဆင့်စနစ်တကျ စိစစ်အတည်ပြု၍ သတ်မှတ်ရက်အရောက် ပြုစုပေးပို့ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

### ညှိနှိုင်းဖြည့်ဆည်းပေး

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကော်မတီဝင်ကိုယ်စားလှယ်များက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် အတည်ပြုလူဦးရေစာရင်းများ အချိန်မီပေးပို့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် ဌာနအလိုက် ပံ့ပိုးကူညီ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် Initiative for ASEAN Integration-IAI သင်တန်းများအပေါ် ပြန်လည်သုံးသပ်



**နေပြည်တော် ဇန်နဝါရီ ၂၁**

၂၀၂၄ ခုနှစ်အတွင်း မြန်မာ-စင်ကာပူ သင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည့် Initiative for ASEAN Integration-IAI သင်တန်းများအပေါ် ပြန်လည်သုံးသပ်သည့် ညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန ချင်းတွင်းခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်က အာဆီယံတွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်၊ ပြည်တွင်းကဏ္ဍအသီးသီးမှ အချိတ်အဆက်မိမိ ညှိနှိုင်းဆောင်ရွက်ရန်၊ အာဆီယံ၏ ယန္တရားများမှတစ်ဆင့် မိမိတို့နိုင်ငံ၏ လူမှုအကျိုးစီးပွား၊ နိုင်ငံ၏ မူဝါဒများနှင့် ဦးစားပေးအစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရန် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရေး နည်းလမ်းများ ရှာဖွေကြရန်၊ အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် Initiative for ASEAN Integration-IAI သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် CLMV နိုင်ငံများကို ဦးတည်၍ ဖွံ့ဖြိုးရေးကို ဦးစားပေး ဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်ဖြစ်ပြီး စင်ကာပူနိုင်ငံသည် အာဆီယံ၏ ဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီများ၊ စွမ်းရည်မြှင့်တင်ရေးအတွက် အဓိကဦးစားပေးပံ့ပိုးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း တက်ရောက်ခဲ့သောသင်တန်းများ၏ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ပြီး ၂၀၂၅ ခုနှစ်တွင် ဝန်ကြီးဌာနများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော ထိရောက်အကျိုးရှိသည့် သင်တန်းများ အဆိုပြုရန် တိုက်တွန်းပြောကြားသည်။ အစည်းအဝေးသို့ အာဆီယံ မဏ္ဍိုင်(၃)ရပ်အောက်ရှိ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၂၉ ခုမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်းများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ထိုင်းဘုရင့်တပ်မတော်နေ့အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ဇော်ဟိန်း၊ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Mongkol Visitstump၊ (ကြည်း၊ ရေ၊ လေ၊ ရဲ) စစ်သံမှူးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နှစ်နိုင်ငံနိုင်ငံတော်သီချင်းများ ဖွင့်၍ အလေးပြုကာ ဖွင့်လှစ်ကြသည်။ ထို့နောက် သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ထိုင်းဘုရင့်တပ်မတော်ဆိုင်ရာ ဗီဒီယိုပြသမှုကို ကြည့်ရှုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် ထိုင်းနိုင်ငံ သံအမတ်ကြီးတို့က အထိမ်းအမှတ် ကိတ်မုန့်လှီးဖြတ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။




ဆက်လက်၍ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြပြီး သရုပ်ပြဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးကြကာ စစ်သံမှူး Senior Colonel Thanwit Yomchinda က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်သူနဲ့ နိုင်ငံခြားမှ ထောက်ပံ့လှူဒါန်းမှုတွေ မရတော့တဲ့အတွက် အကြံကုန်ဂျွန်ဆားချက်ဖြစ်နေတဲ့ PDF"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူကို နည်းမျိုးစုံနဲ့ ဒုက္ခပေးလျက် အကြမ်းဖက် PDF "** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**






# အမျိုးသားကင်ဆာရောဂါကုသရေးဌာနတွင် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက်များ စတင်အသုံးပြုခြင်းအခမ်းအနားကျင်းပ တစ်ရက်လျှင် စုစုပေါင်းလူနာ ၂၀၀ မှ ၄၀၀ အထိ တိုးမြှင့်ကုသပေးနိုင်မည်

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ တည်ဆောက်လျက်ရှိသည့် အမျိုးသားကင်ဆာရောဂါကုသရေးဌာနတွင် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက်များ (Linear Accelerators–LA) စတင်အသုံးပြုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အငြိမ်းစား ကျန်းမာရေးဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ အငြိမ်းစားဆေးပညာရှင်ကြီးများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်ခန်း(၁) ဖြစ်သည့် Radixact စက်ခန်း၊ စက်ခန်း(၂) ဖြစ်သည့် Halcyon စက်ခန်း၊ CT Simulator စက်ခန်း၊ စက်ခန်း(၃)ဖြစ်သည့် Vital Beam စက်များ၏ စက်ခန်းများရှေ့၌ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး **(အပေါ်ဝဲပုံ)** တာဝန်ရှိသူများက စက်လည်ပတ်ပုံနှင့် အသုံးပြုပုံကို ရှင်းလင်းပြသသည်။

Radixact စက်အမျိုးအစားသည် ဦးနှောက်နှင့် ကျောရိုးကင်ဆာများ၊ ကလေးကင်ဆာရောဂါများ၊ အရွယ်အစားကြီးမားသည့် ကင်ဆာများကို ကုသချိန်မြန်ဆန်စွာဖြင့် ကုသနိုင်ခြင်း၊ Halcyon စက်အမျိုးအစားသည် ကင်ဆာအမျိုးအစားမျိုးစုံကို ကုသချိန်မြန်ဆန်စွာဖြင့် လူနာများစွာကိုကုသနိုင်ခြင်း၊ Vital beam စက်သည် ရောင်ခြည်စွမ်းအားမျိုးစုံ၊ ပြင်းအားမျိုးစုံပါဝင်သောကြောင့် လိုအပ်သလိုပြောင်းလဲအသုံးပြုနိုင်ပြီး အရေပြားကင်ဆာအပါအဝင် ကင်ဆာမျိုးစုံကို ကုသနိုင်မည်ဖြစ်သည်။ ထို့နောက် တက်ရောက်လာကြသူများသည် စက်ခန်းများနှင့် အထောက်အကူပြုစက်တို့ကို လှည့်လည်ကြည့်ရှုကြပြီး **(အပေါ်ယာပုံ)** လူနာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ အမျိုးသားကင်ဆာရောဂါကုသရေးဌာန ငါးထပ်ဆောင် အစည်းအဝေးခန်းမ၌ အခမ်းအနားဒုတိယပိုင်းကို ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ခေတ်ကမ္ဘာတွင် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုများလာပြီး ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းတိုးတက်များပြားလာပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပံ့ပိုးဦးဆောင်မှုနှင့်အတူ ကင်ဆာရောဂါလူနာများအတွက် အရည်အသွေးမြင့်သော ကုသမှုများကို ပြည်တွင်း၌ပင် တိုးမြှင့်ရရှိနိုင်စေရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုးတက်များပြားလာသည့် ကင်ဆာရောဂါကုသရေးလုပ်ငန်းများအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ရေတို၊ ရေရှည်စီမံကိန်းများချမှတ်ကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကင်ဆာရောဂါကုသဌာနများ ရာနှုန်းပြည့်လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၊ ၂၀၂၄ ခုနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့၌ LA စက်အသစ် တစ်လုံးစီတို့ကို တိုးချဲ့တပ်ဆင်အသုံးပြုနိုင်ခဲ့ပါကြောင်း။

## တိုးမြှင့်ကုသပေးနိုင်

ပြည်သူ့ဆေးရုံများသာမက ပုဂ္ဂလိကဆေးရုံငါးရုံတွင် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသမှုလုပ်ငန်းများကို ခွင့်ပြုထားပြီး အဆိုပါဆေးရုံများတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့မှ ရွေးချယ်ပေးသော ဓာတ်ရောင်ခြည်ဖြင့် ကုသမှုခံယူရမည့်လူနာများအား အခမဲ့ဓာတ်ရောင်ခြည်ကုသမှုများ အားဖြည့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ကင်ဆာရောဂါဆိုင်ရာ အထူးကုဆရာဝန်များ၊ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများကိုလည်း စနစ်တကျမွေးထုတ်သင်ကြားလျက်ရှိပါကြောင်း၊ ကင်ဆာရောဂါကုသရေးနှင့် သုတေသနပြုရေးအတွက်ရည်ရွယ်၍ အမျိုးသားကင်ဆာရောဂါကုသရေးဌာနကို စနစ်တကျစီမံကိန်းချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယနေ့မှစတင်၍ LA စက်သုံးလုံး စတင်အသုံးပြုနိုင်ပြီဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများကလည်း နေ့ဆိုင်းညဆိုင်းဖြင့် အားသွန်ခွန်စိုက်ကုသပေးမှုကြောင့် တစ်ရက်လျှင် စုစုပေါင်းလူနာ ၂၀၀ မှ ၄၀၀ အထိ တိုးမြှင့်ကုသပေးနိုင်မည် ဖြစ်ပါကြောင်း။

လူနာများစိတ်အေးချမ်းသာစွာ ကုသမှုခံယူနိုင်ရေးအတွက် သွားလာရေးနှင့် စားသောက်ရေးအဆင်ပြေအောင် စီစဉ်ပေးထားပြီး ကျန်းမာရေးဝန်ထမ်းများအတွက်လည်း ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးထားပါကြောင်း၊ ခေတ်မီဓာတ်ရောင်ခြည်ကုသစက်များ ရောက်ရှိချိန်မှစ၍ တပ်ဆင်အသုံးပြုနိုင်သည်အထိ ကူညီဆောင်ရွက်ပေးခဲ့သူအားလုံးကို အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်၏ များပြားသော ရင်းနှီးစိုက်ထုတ်မှုဖြင့် ဝယ်ယူထားသောစက်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ကင်ဆာရောဂါဝေဒနာရှင်များအား ရေရှည်ကုသမှုပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ကုသမှုပေးရာတွင် ကိုယ်ချင်းစာတရား၊ အကြင်နာတရားထားရှိကာ ယဉ်ကျေးချိုသာစွာ ပြောဆိုဆက်ဆံကြရန်၊ အမျိုးသားကင်ဆာရောဂါကုသရေးဌာန အမြန်တည်ဆောက်ပြီးစီးကာ ပိုမိုတိုးတက်၍ ပြည်သူလူထုအားကိုးရသည့် ဌာနကြီးဖြစ်လာစေရန်အတွက် တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး/ကုသရေး)က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ပြီးစီးသည့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အမျိုးသားကင်ဆာရောဂါ ကုသရေးဌာနကို နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဆေးရုံ ငါးထပ်လူနာဆောင်အား ငွေကျပ် ၉ ဒသမ ၂ ဘီလီယံ၊ ဆေးရုံစက်ခန်းများနှင့် ဆက်စပ်လုပ်ငန်းများအတွက် ၁၆ ဒသမ ၉ ဘီလီယံ၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းအတွက် ၄ ဒသမ ၉ ဘီလီယံ၊ ဆေးရုံသုံးရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းထိန်းသိမ်းရေး ကွန်ကရစ်သိုလှောင်ကန်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများအတွက် ၁ ဒသမ ၄ ဘီလီယံ၊ စုစုပေါင်း ငွေကျပ် ၃၂ ဘီလီယံကျော်ဖြင့် စီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ်အတွင်း ရှစ်ထပ်လူနာဆောင် ပြီးစီးအောင်ဆောက်လုပ်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၁)မှ တာဝန်ယူဆောက်လုပ်ပေးလျက်ရှိသည်။ ယနေ့ဖွင့်လှစ်သည့် ကင်ဆာရောဂါကုသစက်သုံးလုံး၏တန်ဖိုးမှာ မြန်မာငွေကျပ် ၃၂ ဒသမ ၅ ဘီလီယံတန်ဖိုးရှိပြီး အဆိုပါစက်များနှင့်အတူ တွဲဖက်အသုံးပြုရသည့် ဓာတ်ရောင်ခြည်ဖြင့် ကုသမှုအထောက်အကူပြုစက် (CT Simulator) တစ်လုံး၏တန်ဖိုးမှာ မြန်မာငွေကျပ် ၂ ဒသမ ၅၅ ဘီလီယံတန်ဖိုးရှိကြောင်း သိရသည်။

**သတင်းစဉ်**

# (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ(ဒုတိယနေ့) ဆက်လက်ကျင်းပ




**ရန်ကုန် ဇန်နဝါရီ ၂၁**

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၃) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်) ၌ ဆက်လက်ကျင်းပရာ သုတေသနစာတမ်းရှင်များက သုတေသနစာတမ်းစုစုပေါင်း ၂၉ စောင်ကို ဖတ်ကြားတင်ပြကြသည်။

နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အတိုင်ပင်ခံဆရာဝန်ကြီး၊ အထူးကုဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀)မှ အတိုင်ပင်ခံဆရာဝန်ကြီး၊ နေပြည်တော် အမှတ်(၂)တပ်မတော်ဆေးရုံကြီးမှ သမားတော်၊ မကွေးတိုင်းပြည်သူ့ဆေးရုံကြီးမှ အတိုင်ပင်ခံ ဆရာဝန်ကြီး၊ ရန်ကုန်သူနာပြုသင်တန်းကျောင်းနည်းပြ၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် သုတေသနမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ်မှ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ကျန်းမာရေးမှူးများ၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)မှ လက်ထောက်ကထိကတို့က သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုကြသည်။

မွန်းလွဲပိုင်းတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (သူနာပြု)၊ ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်၊ ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် သုတေသနအရာရှိများ၊သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (ပုသိမ်မြို့)ကျောင်းအုပ်၊ ထားဝယ်ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာမကြီး၊ ခုတင် (၅၀၀) အထူးကုဆေးရုံကြီး(ရန်ကုန်)မှ သူနာပြုဆရာမကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး သူနာပြုနှီးနွှယ်ကွင်းဆင်းလေ့ကျင့်သင်တန်းကျောင်း တွဲဖက်တာဝန်နှင့် တာဝန်ခံသူနာပြုဆရာမကြီးတို့က သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းခဲ့ကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် နည်းပြ၊ အားကစားသမားများနှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၁**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် နည်းပြများ၊ အားကစားသမားများတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း Gold Camp ရှိ Gold Medal Hall ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ အားကစားနည်း ၅၀ ခန့်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၂၄ မျိုး ဝင်ရောက်ယှဉ်ပြိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လေ့ကျင့်ချိန်ရှစ်လသာ ကျန်ပြီး စံချိန်သစ်တင်နိုင်ရမည်ဆိုသည့် စိတ်ဓာတ်ဖြင့် ကြိုးစားလေ့ကျင့်ကြရန်၊ ကျန်းမာရေးဂရုစိုက်ရန်နှင့် အရည်အသွေးများ တိုးတက်အောင် နည်းပြများ၏ သင်ကြားပြသလေ့ကျင့်ပေးမှုအတိုင်း စနစ်တကျ လိုက်နာကြရန်လိုကြောင်း၊ အောင်မြင်မှုရရှိရန် ဘေးမှတာဝန်ရှိသူများ၏ ပံ့ပိုးကူညီမှုများအပြင် အားကစားသမားများကိုယ်တိုင်လည်း အစွမ်းကုန် ကြိုးစားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။ (ယာပုံ)

တွေ့ဆုံပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အားကစားနည်းအလိုက် အုပ်ချုပ်/နည်းပြ၊ အားကစားသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ စာပေဟောပြောခြင်းနှင့် သုတ၊ ရသစာအုပ်များနှင့် ဘုရားရှိခိုးစာအုပ်များလှူဒါန်းခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၏ စာပေဟောပြောပွဲ အခမ်းအနားနှင့် Naypyitaw State Polytechnic University၊ အစိုးရ စက်မှုလက်မှုသိပ္ပံနှင့် ခနအလင်းရောင်စာကြည့်တိုက်များသို့ သုတ၊ ရသစာအုပ်များနှင့် ဘုရားရှိခိုးစာအုပ်များ လှူဒါန်းသည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် အစိုးရစက်မှုလက်မှုသိပ္ပံရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဌေးသွင်၊ Naypyitaw State Polytechnic University ဒုတိယ ပါမောက္ခချုပ် ဒေါက်တာ စိုးလင်းအောင်၊ အပြည်ပြည် ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)၊ နည်းပညာ သက်မွေးပညာ နှင့် လေ့ကျင့်ရေးဦးစီးဌာန (DTVET) မှ ဒုတိယညွှန်ကြားရေး မှူးချုပ်များ၊ အစိုးရစက်မှုလက်မှု သိပ္ပံ (နေပြည်တော်)ကျောင်းအုပ်ကြီး၊ ခနအလင်းရောင် စာကြည့် တိုက် ဥက္ကဋ္ဌ၊ ဆရာ ဆရာမများ နှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဆေကိန္ဒထံမှ ဒေ့ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်က ဘာသာရေး ဆိုင်ရာနှင့် အထွေထွေဗဟုသုတ များကို ဟောပြောသည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဆက်လက် ကျင်းပရာ အစိုးရစက်မှုလက်မှု သိပ္ပံ (နေပြည်တော်) မှကျောင်းသား ကျောင်းသူများက ထာဝရသစ္စာ သီချင်းဖြင့် ကပြဖျော်ဖြေကြပြီး ဒုတိယဝန်ကြီးက စာအုပ်များ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ သိပ္ပံနှင့် နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး က သုတ၊ ရသစုံစာအုပ်များနှင့် ဘာသာရေးဆိုင်ရာ စာအုပ်များကို Naypyitaw State Polytechnic University ဒုတိယ ပါမောက္ခချုပ်၊ အစိုးရ စက်မှုလက်မှုသိပ္ပံ (နေပြည်တော်) ကျောင်းအုပ်ကြီး နှင့် ခနအလင်းရောင်စာကြည့်တိုက် ဥက္ကဋ္ဌတို့ထံ ပေးအပ်လှူဒါန်း ရာ (ဝဲပုံ) ညွှန်ကြားရေးမှူးချုပ် က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး စုပေါင်း မှတ်တမ်း ဓာတ်ပုံရိုက်ကြသည်။

ယနေ့ အခမ်းအနားတွင် Naypyitaw State Polytechnic University သို့ ၂၀၉ အုပ်၊ အစိုးရ စက်မှုလက်မှုသိပ္ပံသို့ စာအုပ် ၇၀၃ အုပ်၊ ခနအလင်းရောင်စာကြည့် တိုက်သို့ ၃၇၀ အုပ် စုစုပေါင်း ၁၂၈၃ အုပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ယခုလအတွင်း ဖြစ်ပေါ်နိုင်သည့် လာနီညာအခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၁**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေသို့ ရောက်ရှိနေပါသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ဇန်နဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာအခြေအနေ တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ ညအပူချိန်များ အနည်းငယ်လျော့နည်းခြင်းနှင့် မိုးရွာသွန်းမှုမမှန်ခြင်း စသည့်ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန် ပေးပို့သွားမည်ဖြစ်သည်။

မိုး/ဇလ

*❖ကျောဖုံးမှ*

"ရွှေနန်းတော်ကျောင်းကြီးဟာ ရှင်ဘုရင်လှူဒါန်းတာဖြစ်လို့ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများထဲမှာ ပထမတန်းစားအမျိုးအစားထဲမှာ ပါဝင်ပါတယ်။ ကျွန်မတို့ဌာနက နှစ်စဉ်ရှေးမူလက်ရာမပြတ်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ လာရောက်လေ့လာကြတဲ့ ပြည်တွင်းပြည်ပ ဧည့်သည်တွေရောက်ရှိလာတဲ့အခါ သမိုင်းကြောင်းဆိုင်ရာနဲ့ သူတို့သိလိုတာတွေကို ရှင်းပြပေးပါတယ်။ ရွှေနန်းတော်ကျောင်းကြီးဟာ ဒုတိယကမ္ဘာစစ်အတွင်းမှာ မပျက်စီးဘဲ ကျန်ရှိခဲ့တာဖြစ်သလို မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်ရာတွေကို တစ်နေရာတည်းမှာ ကြည့်ရှုလေ့လာနိုင်တဲ့အတွက် ပြည်တွင်းပြည်ပ ခရီးသွားများသာမက တက္ကသိုလ်ကောလိပ်နဲ့ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူတွေအားလုံး လာရောက်လေ့လာကြဖို့ဖိတ်ခေါ်ပါတယ်" ဟု ၎င်းက ပြောသည်။

ထို့ပြင် ရွှေနန်းတော်ကျောင်း ဘုရားဆောင်အတွင်းရှိ မောင်းမလည်တိုင်များတွင် ဗုဒ္ဓမြတ်စွာဘုရားဖြစ်တော်စဉ် ဇာတ်တော်ကြီး ၁၀ ဘွဲ့ကို အလျား ၆ ပေ ၄ လက်မ၊ အထု ၃ လက်မရှိသော ကျွန်းပြားပေါ်၌ ပန်းနွယ်ပန်းခက်များဖြင့် ရုပ်လုံးကြွသရုပ်ဖော် ထွင်းထုထားရာ ရေရှည်တည်တံ့ရေးအတွက် လာရောက်ကြည့်ရှုသူများ ကိုင်တွယ်ခြင်းမရှိစေရန် အကာအရံများ ပြုလုပ်ခြင်းတို့လည်း ဆောင်ရွက်ထားကြောင်း သိရသည်။

"ရွှေနန်းတော်ကျောင်းကြီးကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၁၉၉၅ ခုနှစ်မှာ စတင်ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါတယ်။ လာရောက်လေ့လာမယ်ဆိုရင် ဝင်ကြေးအနေနဲ့ ပြည်တွင်းဧည့်သည်တစ်ဦးကို ငွေကျပ် ၅၀၀ နဲ့ ၁၂ နှစ်အောက်ဆိုရင် အခမဲ့ဖြစ်ပါတယ်။ ပြည်ပခရီးသွားတစ်ဦးဆိုရင် ငွေကျပ် ၁၅၀၀၀ ကောက်ခံပါတယ်။ ကျောင်းသား ကျောင်းသူတွေဆိုရင် ဝင်ခွင့်အတွက် ကင်းလွတ်ခွင့်ပြုထားပါတယ်"ဟု ဆက်လက်ပြောကြားသည်။

ရွှေနန်းတော်ကျောင်းသည် ယခင်က မြနန်းစံကျော်ရွှေနန်းတော်အတွင်း တည်ရှိခဲ့ပြီး မင်းတုန်းမင်းကြီး၏ သီးခြားဆောင်အဖြစ် အသုံးပြုခဲ့ကာ ခရစ်နှစ် ၁၈၇၈ ခုနှစ်၊ မင်းတုန်းမင်း နတ်ရွာစံပြီးနောက် သားတော် သီပေါမင်းက စနစ်တကျဖြုတ်သိမ်းကာ လက်ရှိနေရာ၌ ပြောင်းရွှေ့တည်ဆောက်ခဲ့ရာ ၁၈၈၃ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်းနှင့် တိုင်ပေါင်း ၁၅၀၊ ရှေ့နောက် ၁၁၆ ပေ၊ တောင်မြောက် ၇၁ ပေနှင့်အမြင့် ပေ ၆၀ ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာ ရအောင်းချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုး၊ ဦးဟန်သူ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် နေပြည်တော် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်း ကျေးရွာအတွင်းရှိ ရအောင်းချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ရွှေခဲအင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး သစ်ပင်သစ်တောများ ပြုန်းတီးမှုမရှိစေရေးနှင့် ကျေးရွာထင်းစိုက်ခင်း တစ်ရွာနှစ်ဧက စိုက်ပျိုးရေးတို့ကို အလေးထား ဆောင်ရွက်ကြရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲ စိုက်ပျိုးရေး၊ သွင်းအားစုများ တွင်ကျယ်စွာ အသုံးပြုရေး၊ သီးထပ်စွမ်းအား တိုးတက်ရေးအတွက် တောင်သူများအား အသိပညာပေးရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေး မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် အဖွဲ့အားလက်ခံတွေ့ဆုံ

**ထားဝယ် ဇန်နဝါရီ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့အား ယနေ့နံနက် ၁၀နာရီတွင် ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ဒေသတွင်း ခရီးသွားလုပ်ငန်း ကဏ္ဍ၊ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်အတွင်းရှိ ထင်ရှားပြီး ခရီးသွားဆွဲဆောင်မှု နေရာများဖြစ်သော ပင်လယ်ကမ်းခြေများနှင့် ကျွန်းများ၏ အခြေအနေ၊ ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်မှု၊ မြိတ်ကျွန်းစုပင်လယ်ပြင် အတွင်းရှိ ကျွန်းများပေါ်တွင် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ထားကြသည့် ဟိုတယ်စီမံကိန်း လုပ်ငန်းများ၏ အခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးများ၊ ထားဝယ်အထူးစီးပွားရေးဇုန်ဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရန် စားအုန်းဆီများ ရောင်းချပေး

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီ အိမ်တိုင်ရာရောက် ဖြန့်ဖြူးရေး ကော်မတီသည် ဆီစားသုံးသူ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူစားသုံးနိုင်ရန် စားအုန်းဆီများကို အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများ၊ စက်မှုဇုန်များမှ ဝန်ထမ်းများ၊ လုပ်သားများနှင့် ဘုန်းတော်ကြီးကျောင်းများသို့လည်း အဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်ရေး လှည့်လည်သွားရောက် ရောင်းချပေးလျက်ရှိသည်။ ယနေ့နံနက်က ရန်ကုန်မြို့ရှိ စီးပွားရေးဘဏ်များတွင် ပင်စင်လစာ လာရောက်ထုတ်ယူလျက်ရှိသော နိုင်ငံ့ဝန်ထမ်းပင်စင်စားများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ ကိုးခုတွင် ယနေ့နံနက်ပိုင်းမှ ဇန်နဝါရီ ၂၄ ရက်အထိ လေးရက်တိုင်တိုင် လာရောက် ရောင်းချပေးသွားမည်ဖြစ်သည်။ ရောင်းချပေးလျက်ရှိသည့် စားအုန်းဆီတစ်ပိဿာ ဈေးနှုန်းမှာ ငွေကျပ် ၈၅၀၀ ဖြစ်ပြီး လူတစ်ဦးလျှင် သုံးပိဿာအထိ ဝယ်ယူနိုင်ကြောင်း သိရသည်။



**ဇော်မင်းလတ် - MNA**

# ဒေးဒရဲမြို့နယ် သမဝါယမ ဆီထွက်သီးနှံ ဆောင်းနေကြာများ စိုက်ပျိုး

**ဒေးဒရဲ ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်းရှိပြည်သူများ စားသုံးဆီ ဖူလုံစေရေးအတွက် ဒေသခံတောင်သူများက စပါးစိုက်ပျိုးမှုအပြင် ဆီထွက်သီးနှံစိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိစေရေး ရည်ရွယ်၍ မြို့နယ်သမဝါယမ အသင်းစုလီမိတက်၏ စံပြစိုက်ခင်း၄ါးဧကတွင် ဆောင်းနေကြာရေဆင်းစပ်မျိုး (၁) များ စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဒေးဒရဲမြို့နယ်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထား ဆောင်ရွက်လျက်ရှိပြီး ဒေသခံတောင်သူများ လူမှုစီးပွားဖွံ့ဖြိုးစေရေးအတွက် နွေစပါး ဧက ၇၆၇၈၀၊ ဆောင်းနေကြာ ဧက ၃၂၀၊ ပိုက်ဆံလျှော် မျိုးစေ့ထုတ်စိုက်ခင်းဧက ၂၀၀၀ ကျော်နှင့် အခြားသီးနှံများ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် သွင်းအားစုများ၊ မျိုးကောင်းမျိုးသန့်များနှင့် နည်းပညာလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ဒလမြို့၌ သားဆက်ခြားနည်းလမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဒလ ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ဒလမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် သားဆက်ခြားနည်းလမ်းများ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဒလမြို့နယ်ပြည်သူ့ဆေးရုံ ရုံးခန်းမ ၌ ကျင်းပသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲတွင် တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသီဟက သားဆက်ခြားနည်းလမ်းများနှင့် ပတ်သက်၍ ဟောပြောခဲ့သည်။ တက်ရောက်လာသူ ကိုယ်ဝန်ဆောင်မိခင်များမှ သိရှိလိုသည်များ မေးမြန်းရာ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ဝင်းဝင်းနွယ်က ပြန်လည်ဖြေကြားသည်။

ထို့နောက် တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**အေးမြမိုး(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသင့်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**




## ဓားစာခံများလွှတ်မြောက်ရေး ကူညီပေးမှုအတွက် ထရမ့်ကို ကျေးဇူးတင်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုပြော

ဂျေရုဆလင် ဇန်နဝါရီ ၂၁

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် ဇန်နဝါရီ ၂၀ ရက်တွင် ဗီဒီယိုထုတ်ပြန်ချက်တစ်ခုပေးပို့ကာ ဂါဇာကမ်းမြောင်တွင် အစ္စရေးဓားစာခံများလွှတ်မြောက်ရန် ကြိုးပမ်းကူညီဆောင်ရွက်ပေးမှုအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ကျေးဇူးတင်ကြောင်း ပြောသည်။

အမေရိကန်နှင့် အခြားနိုင်ငံများ၏ ကြားဝင်ညှိနှိုင်းပေးမှုကြောင့် သီတင်းပတ်ခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဟားမားစ်အဖွဲ့က ဇန်နဝါရီ ၂၀ ရက်တွင် အစ္စရေးဓားစာခံသုံးဦးကို လွှတ်ပေးခဲ့သည်။

ကျန်ရှိနေသော ဓားစာခံများလွှတ်မြောက်ရေး၊ ဟားမားစ်တို့၏ စစ်ရေးစွမ်းရည်များကို ချေမှုန်းရန်နှင့် ဂါဇာကမ်းမြောင်တွင် နိုင်ငံရေးလွှမ်းမိုးမှု အဆုံးသတ်ရေးတို့အတွက် သမ္မတထရမ့်နှင့်အတူ လက်တွဲလုပ်ဆောင်ရန် မျှော်လင့်ကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ပြောသည်။ **အင်န်အိတ်ချ်ကေ**




## အင်စတာဂရမ်က ဂျပန်နိုင်ငံရှိ ဆယ်ကျော်သက်များအတွက် အန္တရာယ်ကင်းစွာအသုံးပြုနိုင်ရန် ကန့်သတ်ချက်များပြဋ္ဌာန်း

တိုကျို ဇန်နဝါရီ ၂၁

အင်စတာဂရမ်အော်ပရေတာဖြစ်သည့် မက်တာပလက်ဖောင်းသည် ဂျပန်နိုင်ငံတွင်အသုံးပြုနေသည့် လူငယ်များအတွက် အန္တရာယ်ကင်းစွာအသုံးပြုနိုင်ရန် ကန့်သတ်ချက်များ ပြဋ္ဌာန်းလိုက်ပြီဖြစ်သည်။ အခြားနိုင်ငံရှိ လူငယ်လူရွယ်များအတွက် ယခင်ကတည်းကရှိခဲ့သော အန္တရာယ်ကင်းစွာအသုံးပြုနိုင်ရေး ပြဋ္ဌာန်းချက်များကို ဂျပန်နိုင်ငံရှိ လူငယ်လူရွယ်များအတွက် ယခုပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။

ထို့အတူ အသစ်ပြဋ္ဌာန်းလိုက်သော ကန့်သတ်ချက်တွင် အနိုင်ကျင့်စော်ကားသည့် စကားလုံးများကိုလည်း ဖယ်ရှားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အတူ လူငယ်လူရွယ်များအတွက် တစ်နေ့လျှင် တစ်နာရီသာ အသုံးပြုနိုင်မည်ဖြစ်သည်။

အသက် ၁၆ နှစ်အောက် အသုံးပြုသူများသည် ရွေးချယ်ကန့်သတ်ချက်များပြုလုပ်နိုင်ရန် မိဘခွင့်ပြုချက်လိုအပ်ဖြစ်သည်။ မိဘများသည် ၎င်းတို့၏ကလေးငယ်များ မည်သူနှင့် ဆက်သွယ်ပြောကြားနေသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပြီး အသုံးပြုခွင့်ကိုလည်း အချိန်နှင့် ကန့်သတ်ပေးနိုင်မည်ဖြစ်သည်။

လူမှုမီဒီယာပလက်ဖောင်းပေါ်တွင် မလျော်မကန် အသုံးပြုမှုများ တိုက်ခိုက်နှောင့်ယှက်မှုများ တစ်နေ့တခြား များပြားလာပြီးနောက် ယခုလို ဆယ်ကျော်သက်များအတွက် ကန့်သတ်ချက်များ ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## ဖေဖော်ဝါရီလအထိ ဝင်ရောက်ခွင့်ပြုထားသော လူထောင်ပေါင်းများစွာကို အမေရိကန်သို့ ဝင်ရောက်ခွင့်ပိတ်သိမ်း

ဝါရှင်တန် ဇန်နဝါရီ ၂၁

အမေရိကန်အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေးဌာနက ၂၀၂၃ ခုနှစ်ကတည်းက ခွင့်ပြုထားသည့် ရွှေ့ပြောင်းအခြေချသူ တစ်သန်းနီးပါးခန့်ကို အလုပ်နှင့် အမေရိကန်နိုင်ငံအတွင်း တရားဝင် ဝင်ရောက်ခွင့် ထီစနစ် အက်ပလီကေးရှင်း(စီဘီစီဝမ်း) ဟုခေါ်သည့် နယ်စပ်ရေးရာ အက်ပလီကေးရှင်းအသုံးပြုခွင့်ကို ဇန်နဝါရီ ၂၀ ရက်က အပြီးပိုင်ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။



ဖေဖော်ဝါရီလအထိ ဝင်ရောက်ခွင့်ပြုထားသော လူထောင်ပေါင်းများစွာ၏ အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်ခွင့်ကို ဖျက်သိမ်းလိုက်ပြီဖြစ်သည်။ မက္ကဆီကို နယ်စပ်သို့ရောက်နေသည့် ဟေတီ၊ ဗင်နီဇွဲလားနှင့်ကမ္ဘာတစ်ဝန်းလုံးမှ အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခွင့်ရရှိသူများသည် အဆိုပါကြေညာချက်ကို ကြားလိုက်သည့်အချိန်တွင် မျှော်လင့်ချက်များ အငွေ့ပြန်ပျောက်ကွယ်သွားကြပြီဖြစ်သည်။

ဗင်နီဇွဲလား၊ ကျူးဘား၊ ဟေတီနှင့် မက္ကဆီကို နိုင်ငံသားများအတွက် အမေရိကန်သို့ ဝင်ရောက်ခွင့်ပြုရာတွင် စီဘီစီဝမ်းအက်ပလီကေးရှင်းသည် နာမည်ကျော်ပြီး အသုံးများကြောင်း သိရသည်။

စီဘီစီဝမ်းအက်ပလီကေးရှင်းသည် အမေရိကန်သို့ နယ်စပ်ဝင်ပေါက်ရှစ်ပေါက်မှ တစ်နေ့လျှင် လူပေါင်း ၁၄၅၀ ခန့်ဝင်ရောက်ခွင့်ပြုနေသည့် ထီစနစ် အပ်ပလီကေးရှင်းတစ်ခုဖြစ်သည်။ **အေပီ**

## အီသီယိုးပီးယားနိုင်ငံက ခြောက်လအတွင်း ကော်ဖီတင်ပို့မှုမှ ဝင်ငွေကန်ဒေါ်လာ ၉၀၈ သန်းရရှိ

အဒစ်အဘာဘာ ဇန်နဝါရီ ၂၁

အီသီယိုးပီးယားနိုင်ငံသည် လွန်ခဲ့သည့် ခြောက်လအတွင်း ကော်ဖီတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၉၀၈ သန်း ရရှိကြောင်း ဇန်နဝါရီ ၂၀ ရက်တွင် နိုင်ငံပိုင်အီသီယိုးပီးယားသတင်းအေဂျင်စီ၏ အစီရင်ခံဖော်ပြချက်အရ သိရသည်။

အီသီယိုးပီးယားနိုင်ငံသည် ဇူလိုင် ၈ ရက်တွင် စတင်ခဲ့သော ၂၀၂၄/၂၀၂၅ အီသီယိုးပီးယားဘဏ္ဍာနှစ် ပထမနှစ်ဝက်အတွင်း ကော်ဖီတန်ချိန် ၂၀၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့သည်ဟု အီသီယိုးပီးယားကော်ဖီနှင့် လက်ဖက်လုပ်ငန်းအာဏာပိုင်အဖွဲ့ (အီးစီတီအေ) ဒုတိယညွှန်ကြားရေးမှူးချုပ် ရှာဖီအူမာ၏ ပြောကြားချက်ကို အဆိုပါအေဂျင်စီက ကိုးကားဖော်ပြထားသည်။

အစိုးရ၏ ကော်ဖီလုပ်ငန်းကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကြောင့် ကော်ဖီထုတ်လုပ်မှုနှင့် ကုန်ထုတ်စွမ်းအား သိသိသာသာမြင့်တက်လာခြင်းဖြစ်ကြောင်း အူမာက ပြောသည်။ ထို့ပြင် အဆိုပါ ကာလအတွင်း ကော်ဖီတန်ချိန် ၁၃၃၀၀၀ ကျော် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၇၁၄ သန်းသာ ရရှိမည်ဟု မျှော်မှန်းထားခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

အာရေဗီးကားကော်ဖီ မွေးဖွားရာဒေသအဖြစ် မှတ်ယူထားသော အီသီယိုးပီးယားနိုင်ငံသည် ယခင်ဘဏ္ဍာနှစ်တွင် ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရရှိခဲ့သည်။

ထို့ပြင် အီသီယိုးပီးယားနိုင်ငံသည် ယခုဘဏ္ဍာနှစ်တွင် ကော်ဖီတန်ချိန် ၄၀၀၀၀၀ ကျော် တင်ပို့ပြီး အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ရရှိမည်ဟု မျှော်မှန်းထားသည်။ **ဆင်ဟွာ**



## အင်ဒိုနီးရှား၌ ရုတ်တရက်ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများကြောင့် လူ ၁၆ ဦးထက်မနည်းသေဆုံး

ဂျကာတာ ဇန်နဝါရီ ၂၁

အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်း ဂျာဗားပြည်နယ် ပေကာလုံဂန်ဒေသတွင် ရုတ်တရက်ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများဖြစ်ပွားရာ လူ ၁၆ ဦးထက်မနည်းသေဆုံးပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုနီးရှားအမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲမှု အေဂျင်စီ ဘီအင်န်ပီဘီက ဇန်နဝါရီ ၂၁ ရက်တွင် ပြောသည်။

ခရိုင်ခွဲများတွင် ရုတ်တရက်ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများစွာ ဖြစ်ပွားခဲ့သော်လည်း ပက်တွန်းခရီအိုးနိုခရိုင်မှာ အပြင်းထန်ဆုံး ထိခိုက်ခံစားရကြောင်း ပေကာလုံဂန်ဒေသ အကြီးအကဲ ဖရက်ဒီယာ အာရာဖစ်က ပြောသည်။ ဇန်နဝါရီ ၂၀ ရက်မှ ၂၁ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ လေပြင်းတိုက်ခိုက်မှုများကြောင့် ပက်တွန်းခရီအိုးနိုခရိုင်တွင် ရုတ်တရက်ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများ ဖြစ်ပွားခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။



ကယ်ဆယ်ရေးလုပ်သားများ မြေပြိုကျမှုကြောင့် လမ်းပိတ်ဆို့မှုကို စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းစဉ်။

ဘေးလွတ်ရာ တိမ်းရှောင်ရေးလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး ဝန်ထမ်းများမှာ ဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာသော လမ်းပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ မြစ်များအနီးသွားလာခြင်းမှ ရှောင်ကြဉ်ပြီး သတိထားကြရန် အာဏာပိုင်များက ပြည်သူများကို တိုက်တွန်းထားသည်။

**ဆင်ဟွာ**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အခြေပြု၍ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၈၀၇ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၂၇ ဦး၊ ခွဲစိတ်ရောဂါ ၆၂ ဦး၊ သားဖွား/မီးယပ်ရောဂါ ၆၇ ဦး၊ ကလေးရောဂါ ၁၀၅ ဦး၊ အရိုးရောဂါ ၇၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၁ ဦး၊ မျက်စိရောဂါ ၁၅၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၂ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ရှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၂ ဦး၊ ခတ်မှန်ရိုက်လူနာ ၁၃ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၀ တို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် လူနာလေးဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးကုသမှုခံယူနေသည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးက ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၈ ရက်က တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ပေါ်တွင် မွေးဖွားခဲ့သော မောင်ညီလွင်ပိုင် အားဆေးဝါးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ မျက်စိခွဲစိတ်ကုသမှုခံယူပြီးသည့် လူနာများအား မျက်မှန်များ တပ်ဆင်ပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရတယ်-

၁။

ကျွန်မတို့ ဝန်ထမ်းလောကပဲဖြစ်ဖြစ် အရပ်သားတွေပဲဖြစ်ဖြစ် ဒေသခံတွေပဲဖြစ်ဖြစ် တစ်ခါတစ်ရံမှာ ကိုယ်ဖြစ်နေတဲ့ရောဂါကို ဘာရောဂါမှန်းလည်း မသိဘူး။ ကိုယ်ဖြစ်နေတဲ့ရောဂါကိုသိပြန်တော့လည်း ကုသရမယ့် အခက်အခဲတွေ၊ ကျန်းမာရေး၊



၁။

သွားလာရေး၊ ငွေရေးကြေးရေး အခက်အခဲတွေ ရှိပါတယ်။ အခုလို သံလွင်သင်္ဘောကြီး လာရောက်ပြီး ဆေးကုသမယ်လို့ သိရတဲ့အချိန်မှာ ကျွန်မတို့ဘက်က ဝမ်းသာပီတိလည်း အလွန်ဖြစ်ရပါတယ်။ ကျွန်မတို့ဆီကို အခုလို သံလွင်သင်္ဘောကြီးနဲ့ လှိုင်းဒဏ်၊ လေဒဏ်၊ မိုးဒဏ်တွေကို မကြောက်မရွံ့ဘဲ လာရောက်ဆေးကုပေးတဲ့ အဖွဲ့တွေနဲ့ ဆေးကုသဖို့စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေ အားလုံးကို ကျွန်မတို့ ဒေသခံတစ်ယောက်အနေနဲ့သော်လည်းကောင်း၊ ဝန်ထမ်းတစ်ယောက် အနေနဲ့ သော်လည်းကောင်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

၂။

ကျွန်တော်တို့ ဒေသမှာတော့ လမ်းပန်းဆက်သွယ်မှုက အားနည်းနေတဲ့အတွက် ဒီလိုမျိုး ဆေးကုသမှုတွေလာတဲ့အတွက် ကျွန်တော်တို့ ကျေးရွာတွေမှာ တော်တော်လေးလည်း အဆင်ပြေပါတယ်။ ကျွန်းစုကို လာမယ်ဆိုရင် ကျွန်တော်တို့နေရာက ဆိုင်ကယ်နဲ့ဆို နှစ်နာရီလောက် လာရပါတယ်။ လှေနဲ့ သွားမယ်ဆိုရင်လည်း မြိတ်မှာ တစ်နာရီကျော်လောက် မောင်းရပါတယ်။ အခုလိုမျိုး ကျွန်တော်တို့ကို လာရောက်ကုသပေးတဲ့အတွက်လည်း အများကြီး ငွေကြေးအားဖြင့်ရော သွားရလာရတဲ့လမ်းခရီးရဲ့ ပင်ပန်းဆင်းရဲမှုတွေကိုပါ အားလုံး ကောင်းသွားပါတယ်။ ငွေကြေး



၂။

လည်း အများကြီးသက်သာပါတယ်။ ပြီးရင်ဆေးကုသမှုက အပြင်မှာ ကုသရတာနဲ့ မတူပါဘူး။ တစ်နေရာထဲမှာ အများကြီး ရောဂါစုံကိုကုရတဲ့အတွက် ပိုပြီး အဆင်ပြေပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ အရာရှိ၊ အရာခံတွေရော လာရောက်ကုပေးတဲ့အဖွဲ့တွေနဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးတဲ့သူတွေအားလုံးကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

**သတင်းစဉ်**




## ရန်ကုန်မြို့ရှိ အမျိုးသားအဆောင်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့များက ဝင်ရောက်စစ်ဆေးကာ ငွေညှစ်ဖမ်းဆီးခြင်းများပြုလုပ်ခဲ့ကြောင်း မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့အတွင်းရှိ အမျိုးသားအဆောင်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ညှော်စာရင်းအကြောင်းပြ၍ ဝင်ရောက်ဖမ်းဆီးခြင်းများ ပြုလုပ်နေပြီး ဇန်နဝါရီ ၁၆ ရက်ညပိုင်းက မြို့လယ်ရှိ အဆောင်တစ်ခုကို ဝင်ရောက်စစ်ဆေး၍ ငွေမပေးနိုင်သူများကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားထုတ်လွှင့်လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများအား ဥပဒေမဲ့ဖမ်းဆီးခြင်း၊ ငွေကြေးကောက်ခံခြင်းများ မရှိကြောင်း၊ ရန်ကုန်မြို့အတွင်း အကြမ်းဖက်သမားများ တရားမဝင်ခိုအောင်း ဝင်ရောက်၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းမရှိစေရန်အတွက် လုံခြုံရေး ပူးပေါင်းအဖွဲ့များသည် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ စစ်ဆေးရှာဖွေခြင်းများသာ လုပ်ဆောင်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် အဆိုပါနယ်မြေအတွင်း လုံခြုံရေးပူးပေါင်းအဖွဲ့များ၏ နေ့ညမပြတ် စစ်ဆေးရှာဖွေခြင်းများကြောင့် ဝင်ထွက်သွားလာနိုင်ရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ လွယ်ကူစွာ ဝင်ထွက်သွားလာနိုင်ရန်နှင့် ပြည်သူလူထုမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်




ရည်ရွယ်၍ ဖြစ်စဉ်ဖြစ်ရပ်ကိုက်ညီမှု မရှိသည့် သတင်းမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ပရီမီယာလိဂ် ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုနှင့်အတူ ရလဒ်ပိုင်းဆိုးရွားနေမှုကို အဆုံးသတ်ရန် ပြင်ဆင်လာသော ချယ်ဆီးအသင်းက ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေးများနှင့်အတူ ပြိုင်ဘက်ဝုဖ်အသင်းကို ခြေစွမ်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သည်။

ချယ်ဆီးအသင်းအတွက် သွင်းဂိုးများကို အက်ဒရာဘိုင်အိုယို၊ ကူကူရယ်လာနှင့် မာဒူကီတို့က သွင်းယူပေးပြီး ဝုဖ်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ဒိုဟာတီက သွင်းယူပေးခဲ့သည်။ ချယ်ဆီးအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ပရီမီယာလိဂ် ၂၂ ပွဲကစားပြီး ရမှတ် ၄၀ ရရှိလာပြီဖြစ်သည်။ ပြိုင်ဘက်ဝုဖ်အသင်းက ၂၂ ပွဲကစားပြီး ရမှတ် ၁၆ မှတ်ဖြင့် အဆင့် ၁၇ တွင် ရပ်တည်နေသည်။

ဝုဖ်အသင်းသည် လာမည့်ပရီမီယာလိဂ်ပွဲစဉ်များတွင် ကစားရခက်ခဲသည့် အာဆင်နယ်၊ အက်စ်တွန်ဗီလာ၊ လီဗာပူး စသည့်အသင်းများကို ဆက်တိုက်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ ချယ်ဆီးအသင်းကလည်း လာမည့်ပရီမီယာလိဂ်ပွဲစဉ်များတွင် ကစားပုံမာကျောကျစ်လျစ်သည့် မန်စီးတီး၊ ဝက်စ်ဟမ်း၊ ဘရိုက်တန်၊ အက်စ်တွန်ဗီလာအသင်းတို့ကို ဆက်တိုက်ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

**အောင်ဇော်**

သစ်တောမှန်လျှင် အသုံးဝင်
အစဉ်ထာဝရ ထိန်းသိမ်းကြ

# စက်မှုကုန်ကြမ်းသီးနှံ ပြောင်းဖူးတစ်ပင်လုံး၏ ဆေးဖက်ဝင်အသုံးများ

**ပြောင်းဖူးသည် ပြည်ပသို့ အဓိကတင်ပို့သည့်သီးနှံများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း လူကြိုက်များသောသီးနှံဖြစ်သည်။ သကြားပြောင်း၊ ထောပတ်ပြောင်း၊ အနီရောင်ရှမ်းပြောင်းဟူ၍ ယေဘုယျအားဖြင့်ရှိပြီး သကြားပြောင်းမှာ လူကြိုက်များထင်ရှားသည်။**

ဒေါက်တာလပြည့်ခင်

ပြောင်းဖူးကို နိုင်ငံအတွင်း၌ ရာသီမရွေး သီးထပ်အဖြစ် စိုက်ပျိုးနိုင်ပြီး လက်ရှိအချိန်တွင် မြန်မာနိုင်ငံ အလယ်ပိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ နေပြည်တော်တပ်ကုန်း၊ ပျဉ်းမနားနှင့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းတို့တွင် အများဆုံး စိုက်ပျိုးကြသည်ကို တွေ့ရသည်။ ပခုက္ကူမြို့နယ်ရှိ ကံလှ၊ ကျွန်းညိုကြီး၊ သံပုရာပင်ကုန်း၊ ကျွန်းညိုကြီးရွာသစ်၊ တင်းဂတ်နှင့်ပခုက္ကူကျွန်းကျေးရွာတို့တွင် ဒေသခံတောင်သူများက ရေသွင်းစနစ်ဖြင့် သကြားပြောင်းဖူးများကို ယခင်က တစ်ပိုင်တစ်နိုင် စိုက်ပျိုးလျက်ရှိရာမှ ယခုအအချိန်တွင် ပြည်တွင်းစားသုံးမှု များပြားလာပြီး ပြောင်းဖူးဈေးကောင်းရရှိလာသဖြင့် သကြားပြောင်းကို နွေ၊ မိုး၊ ဆောင်း သုံးရာသီ တစ်နှစ်ပတ်လုံး စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလာကြသည်။



### ပြောင်းဖူးစိုက်ပျိုးမှုပုံစံနှင့်ဈေးကွက်ဝင်မှု

ပြောင်းဖူးသီးနှံကို သဲနုန်းမြေနှင့်မြေစာများတွင် ရေသွင်းစနစ်ဖြင့် အတန်းလိုက်စိုက်ပျိုးကြပြီး ပြောင်းဖူးမျိုးအနေဖြင့် ပံ-၁၃၅ မျိုးကို အများစု စိုက်ပျိုးကြသည်။ စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး သက်တမ်းသုံးလခွဲအကြာ ဒီဇင်ဘာလအတွင်း ရောင်းတမ်းဝင်ပြောင်းဖူးများကို ခူးဆွတ်၍ရောင်းချကြသည်။ သကြားပြောင်းတစ်ဧကလျှင် ပျမ်းမျှအဖူးရေ ၉၀၀၀-၁၂၀၀၀ ခန့်ထွက်ပြီး ရာသီဥတုပြောင်းလဲမှုနှင့် သွင်းအားစုသုံးစွဲပုံ၊ ရေသွင်းသည့်အကြိမ်ရေ တူညီမှုမရှိပါ။ ကုန်ကျစရိတ်အနေဖြင့် ပြောင်းတစ်ဧကလျှင် ကျပ်ရှစ်သိန်းခန့်ကုန်ကျပြီး သိန်း ၂၀ ခန့် ဝင်ငွေရရှိသောကြောင့် ကျပ်တစ်သိန်းနှစ်သောင်းခန့် အကျိုးအမြတ်ရရှိကြောင်း သိရသည်။. ဈေးကွက်အနေဖြင့် ပခုက္ကူဒေသထွက် ပြောင်းဖူးများကို မြို့ပေါ်ရှိလုပ်ငန်းရှင်များမှ စိုက်ခင်းအထိ လာရောက်ဝယ်ယူမှုများ ရှိသည့်အပြင် ရန်ကုန်မြို့သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိပြီး ပြည်တွင်းဈေးကွက်ခိုင်မာမှုရှိသော သကြားပြောင်းဖူးသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

### ပြောင်းဖူးစားသုံးမှုပုံစံ

ပြောင်းဖူးကို ပုံစံအမျိုးမျိုးထုတ်လုပ်ကာ ကွန်းဖလိတ်ကဲ့သို့ နံနက်စာစားဖွယ်အဖြစ် စားသုံးကြသည်။ ပြောင်းဆီ၊ ပြောင်းဟင်းချို၊ ပြောင်းဖူးပြုတ်၊ ပြောင်းမှုန့် စသည် ပြုလုပ်ရောင်းချကြသည်။ ပြောင်းဖူးသည် လူအများစားသုံးသည်သာမက ကျွဲ၊ နွား စသော တိရစ္ဆာန်များအတွက် အစာအဖြစ်လည်း အသုံးဝင်သည်။ ပြောင်းသည် ကောက်ပဲသီးနှံများတွင် ကျယ်ပြန့်စွာ ထုတ်လုပ်ပြီး လူတို့အစားအစာအဖြစ်လည်းကောင်း၊ တိရစ္ဆာန်အစားအစာအဖြစ်လည်းကောင်း၊ လောင်စာအဖြစ်လည်းကောင်း၊ တခြားလူသုံးကုန်ပစ္စည်းများ အဖြစ်လည်းကောင်း တွင်ကျယ်စွာ အသုံးပြုကြသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးအဆိုအရ ပြောင်းကို တစ်နှစ်လျှင် တန်ချိန်သန်း ၁၅၀ ကျော် အစားအစာအဖြစ် ကျယ်ပြန့်စွာ စိုက်ပျိုးထုတ်လုပ်နေကြသည်။

### ပြောင်းဖူး၏အနေအထား

ပြောင်းဖူးစေ့၏ အပြင်ဆုံးလွှာသည် အခွံဖြစ်ပြီး အခွံ၏အလေးချိန်သည် ပြောင်းဖူးစေ့ အလေးချိန်၏ ၆ ရာခိုင်နှုန်းရှိပြီး အစားအစာထုတ်လုပ်မှု အပိုင်းအတွက် အခြေခံကျသည့် ပါဝင်ပစ္စည်းတစ်မျိုး ဖြစ်သည်။ ပြောင်းမျိုးစေ့သည် ဆီပါရှိသော အပင်လောင်းပိုင်းဖြစ်ပြီး ဆီပါဝင်မှု ၁၁ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ ကျန်အစိတ်အပိုင်းများတွင် အစေ့တွင်းစာ နှစ်မျိုးပါရှိသည်။ တစ်မျိုးသည် နူးညံ့ပျော့ပျောင်းသော စတာ့ချ်များဖြစ်ပြီး ခွဲထုတ်ရန်လွယ်ကူသည်။ ကျန်အစေ့တွင်းစာ တစ်မျိုးမှာစတာ့ချ်၊ ပရိုတင်း၊ ကော်ဓာတ်နှင့်အလွယ်တကူ ခွဲထုတ်မရနိုင်အောင် တစ်သားတည်း ရောနှောဖွဲ့စည်းထားသည့်အပိုင်းဖြစ်သည်။ ပြောင်းဖူးတွင် အဓိကအားဖြင့် ဖောလစ်အက်စစ်၊ ဗီတာမင်ဘီဝမ်း၊ Beta Cryptoxanthin၊ Linoleic အက်စစ်၊ ကစီဓာတ်၊ ဗီတာမင်အေ၊ ဗီတာမင်ဘီဓာတ်ပေါင်းစု၊ အဆီဓာတ်၊ အမျှင်ဓာတ်၊ ဗိုက်တာမင် B12 နှင့် ဘိုင်အိုတင်ဓာတ်၊ ဗီတာမင် B5 ကယ်လိုရီတို့ ကြွယ်ဝစွာ ပါဝင်ကြောင်း တွေ့ရှိရပါသည်။

### ပြောင်းဖူး၏ အသုံးဝင်မှုများ

ပြောင်းဖူးတွင် အာဟာရဓာတ်များစွာ ပါဝင်သောကြောင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာ ရရှိနိုင်သည်။ လူကြီးလူငယ်မရွေးစားသုံးလေ့ရှိသော ပြောင်းဖူးသည် လူ့ကျန်းမာရေးကို အဘက်ဘက်မှ ကူညီထောက်ပံ့ပေးနိုင်သည့် သဘာဝအသီးအနှံ အမျိုးအစားတစ်ခု ဖြစ်သည်။

ပြောင်းဖူးတွင် ဗီတာမင် B9 ဟု ခေါ်သည့် ဖောလစ်ဓာတ်ပါဝင်သောကြောင့် နှလုံးကျန်းမာရေးကို ကောင်းမွန်စေပါသည်။ ဆဲလ်သစ်များကို ဖြစ်ပေါ်စေသည်။ အထူးသဖြင့် ဖောလစ်ဓာတ်ပါသော အစားအသောက်များကို များများစားသုံးလျှင် နှလုံးသွေးကြောဆိုင်ရာရောဂါ၊ လေဖြတ်ရောဂါ၊ နှလုံးရောဂါများဖြစ်နိုင်ခြေကို လျော့ကျစေသည်။ ပြောင်းဖူးတွင် ဗီတာမင် B1 ပါဝင်သောကြောင့် ကာဗိုဟိုက်ဒရိတ်ဖြိုခွဲမှုတွင် အသုံးပြုနိုင်သလို ဗီတာမင် B5 ပါဝင်မှုကြောင့် ဇီဝကမ္မဆိုင်ရာလုပ်ငန်းဆောင်တာများတွင် ကူညီနိုင်သည်။ ဗီတာမင်စီ ပေါများစွာပါဝင်သောကြောင့် ရောဂါများကို တွန်းလှန်ပေးနိုင်သည်။ ယင်းသည် ပဋိဇီဝဂုဏ်သတ္တိရှိပြီး ဆဲလ်များပျက်စီးခြင်း၊ ကင်ဆာရောဂါနှင့် နှလုံးရောဂါကိုကာကွယ်ပေးသည်။ ပါဝင်သော ဖောလစ်အက်စစ်များသည်လည်း ပဋိဇီဝတစ်မျိုးဖြစ်သောကြောင့် လူ့ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုများ၊ အိုမင်းရင့်ရော်မှုနှင့် ကင်ဆာရောဂါများကိုလည်း ကာကွယ်ပေးပါသည်။

### ဆီးချိုသွေးချိုရောဂါရှင်များစားသင့်

ပြောင်းတွင် ပျော်ဝင်နေသောအမျှင်ဓာတ်နှင့် မပျော်ဝင်သောအမျှင်ဓာတ်တို့ ပါဝင်သည်။ ပျော်ဝင်နိုင်သော အမျှင်ဓာတ်သည် အလွယ်တကူပြိုကွဲပြီး ဂျယ်အဖြစ် အူတွင်းတွေ့နိုင်သည်။ ယင်းသည် ကိုလက်စထရောကို ထိန်းချုပ်နိုင်သည့်အခန်းကဏ္ဍတွင် ပါဝင်သည်။ အစားအစာများ အမြောက်အမြားထုတ်ရန် ယင်းအမျှင်ဓာတ်ကိုသုံးသည်။ မပျော်ဝင်သော အမျှင်ဓာတ်သည် အရသာရှိသော ပြောင်းစေ့ကို ဖုံးထားသော အပြင်ပိုင်းအကာဖြစ်သည်။ ပြောင်းဖူး၏အမျှင်ဓာတ်များသည် ဆီးချိုသွေးချိုရောဂါသမားများ၏ သွေးတွင်းသကြားဓာတ်ပမာဏကို လျော့ကျစေ၍ ဆီးချိုသွေးချိုသမားများသည် အမျှင်ဓာတ်များများ စားသုံးပေးရန်လိုအပ်သည်။ အမျှင်ဓာတ်ပါဝင်မှုမြင့်မားခြင်းသည် ပြောင်းဖူး၏ အကြီးမားဆုံးသော အကျိုးကျေးဇူးတစ်ရပ်ဖြစ်သည်။

### ကင်ဆာကို လျော့ကျစေ

ပြောင်းဖူးတစ်ခွက်စာ ပမာဏတွင် တစ်နေ့တာလိုအပ်သည့် အမျှင်ဓာတ် ၁၈ ဒသမ ၄ ရာခိုင်နှုန်းပါဝင်သည်။ ပြောင်းဖူးတွင်ပါဝင်သော သဘာဝကော်ရည် ကစီဓာတ်ပေါင်းစုနှင့် အမျှင်ဓာတ်များသည်သွေးတွင်းရှိကိုလက်စထရောများကို လျော့ကျစေပြီး အူမကြီးကင်ဆာ ဖြစ်နိုင်ခြေကို လျော့ကျစေသည်။ ဗီတာမင်ဘီ ၊ ဗီတာမင်အီးနှင့် ဗီတာမင်ကေတို့ကို ပိုတက်ဆီယမ်(Ca) နှင့် တွဲဖက်၍တွေ့ရပြီး နှလုံးသွေးကြောဆိုင်ရာကျန်းမာရေးကို ကောင်းမွန်စေသည်။ ပြောင်းဖူးတွင် Beta Cryptoxanthin ပါဝင်သောကြောင့် အဆုတ်ကင်ဆာဖြစ်နိုင်ခြေကို လျော့ကျစေသည်။ အထူးသဖြင့် ဆေးလိပ်သောက်သူများသည် ပြောင်းဖူးကို ပုံမှန်စားသုံးပေးခြင်းဖြင့် အဆုတ်ကင်ဆာ ဖြစ်နိုင်ခြေ ၃၇ ရာခိုင်နှုန်းအထိ လျော့ကျစေသည်။

ပြောင်းဖူးတွင် ဘီတာကယ်ရိုတင်း၊ အင်တီအောက်ဆီးဒင့်၊ သိုင်ယာမင်း၊ ဗိုက်တာမင်ဘီဝမ်းဓာတ်များပါဝင်သဖြင့် ဦးနှောက်ဆဲလ်များကို အားကောင်းစေပြီး တွေးခေါ်နိုင်သည့် လုပ်ငန်းများကို တိုးတက်စေကာ မှတ်ဉာဏ်အစွမ်းကိုရရှိစေသည်။ အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို နည်းပါးစေသည်။ ပြောင်းဖူးသည် ကောက်ပဲသီးနှံများတွင် ကယ်လိုရီဓာတ်အမြင့်မားဆုံး ပါဝင်သောကြောင့် လူကိုခွန်အားဖြစ်စေသည်။

### အမြင်အာရုံနှင့် ကျောက်ကပ်အတွက်ကောင်း

အမြင်အာရုံနှင့် ပတ်သက်သည့် မျက်စိရောဂါများ မဖြစ်အောင်ကာကွယ်ပေးသည်။ လူ့ခန္ဓာကိုယ်ထဲရှိ ဂလူးကို့စ်ကို ပုံမှန်ဖြစ်စေကာ သွေးထဲရှိ သကြားဓာတ်ကို လျော့ကျစေသည်။ ပြောင်းဖူးကို မကြာခဏစားသုံးသော အမျိုးသမီးများသည် ဆီးချိုရောဂါဖြစ်နိုင်ခြေကို ၃၀ ရာခိုင်နှုန်းအထိ လျော့ကျစေပါသည်။ ပြောင်းဖူးစားသုံးခြင်းဖြင့် ဆီးအိမ်ကို ကောင်းစွာအလုပ်လုပ်စေပြီး ကျောက်ကပ်နှင့်ဆိုင်သောရောဂါအမျိုးမျိုးကို ကုသပေးနိုင်စွမ်းရှိပါသည်။ ပြောင်းဖူးဆီ လက်ဖက်ရည်တစ်ဇွန်းခန့်သည် ကျန်းမာသန်စွမ်းသောကလေးငယ်၊ အရွယ်ရောက်သူတစ်ဦးအတွက် လုံလောက်သော မရှိမဖြစ်လိုအပ်သည့်ပမာဏဖြစ်သည်။ ပြောင်းဖူးမွေး၊ ပြောင်းဖူးမြစ်၊ ပြောင်းဖူးရွက်၊ ပြောင်းအတွင်းရိုးတို့ကိုပြုတ်၍ အရည်ကိုသောက်ခြင်းဖြင့် ဆီးအိမ်ပြဿနာများ၊ ပျို့အန်ခြင်း၊ မအီမသာဖြစ်ခြင်း၊ အစာအိမ်နာခြင်းတို့ သက်သာစေသည်။ တချို့သူများသည် အများအပြား စားသောက်ပါက အစာမကြေဘဲ လေခံခြင်း၊ လေထိုးခြင်းနှင့် ဝမ်းလျှောခြင်းတို့ ဖြစ်စေနိုင်သည်။ ပြောင်းဖူးတွင် ဓာတ်တိုးဆန့်ကျင်သော Quercetin ဓာတ်ပါဝင်သည်။ သုတေသနများအရ Quercetin သည် အမျိုးသားများ သုတ်ရည်လွှတ်ပေးသော သုတ်ရည်ဂလင်းနီရဲရောင်ရမ်းခြင်းကို

*စာမျက်နှာ ၁၇ သို့*

**❀ ပြောင်းသည် ကောက်ပဲသီးနှံများတွင် ကျယ်ပြန့်စွာထုတ်လုပ်ပြီး လူတို့အစားအစာအဖြစ်လည်းကောင်း၊ တိရစ္ဆာန်အစားအစာအဖြစ်လည်းကောင်း၊ လောင်စာအဖြစ်လည်းကောင်း၊ တခြားလူသုံးကုန်ပစ္စည်းများအဖြစ်လည်းကောင်း တွင်ကျယ်စွာ အသုံးပြုကြသည်။ ကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့ကြီးအဆိုအရ ပြောင်းကို တစ်နှစ်လျှင် တန်ချိန် သန်း ၁၅၀ ကျော် အစားအစာအဖြစ် ကျယ်ပြန့်စွာ စိုက်ပျိုးထုတ်လုပ်နေ**

**❀ ပြောင်းဖူးတွင် အာဟာရဓာတ်များစွာ ပါဝင်သောကြောင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာ ရရှိနိုင်သည်။ လူကြီးလူငယ်မရွေး စားသုံးလေ့ရှိသောပြောင်းဖူးသည် လူ့ကျန်းမာရေးကို အဘက်ဘက်မှ ကူညီထောက်ပံ့ပေးနိုင်သည့် သဘာဝအသီးအနှံ အမျိုးအစားတစ်ခုဖြစ်**

# ပြည့်မဏ္ဍိုင်ဖလား အသက် ၂၀ အောက် အမျိုးသားအမှတ်ပေးဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်



**ဘားအံ ဇန်နဝါရီ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် လူငယ်များ မူးယစ်ဆေးဝါးကင်းစင်၍ ဗလငါးတန်နှင့်ပြည့်စုံပြီး ကျန်းမာသန်စွမ်းသော လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်း လာစေရေးအတွက် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးမှ ကြီးမှူးကျင်းပပေးသော ပြည့်မဏ္ဍိုင်ဖလား အသက် ၂၀ အောက် အမျိုးသားအမှတ်ပေး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၀ ရက် က ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမအနီးရှိ ပြည်နယ်ဖူဆယ်အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲသို့ ဘားအံမြို့ပေါ်ရှိ ရပ်ကွက်များမှ လူငယ်ဖူဆယ်ဘောလုံးအသင်း ၁၂ သင်းမှ အားကစားသမား ၁၈၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ယနေ့တွင် ဗိုလ်လုပွဲစဉ်အဖြစ် Wise Lion အသင်းနှင့် Young Boy အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကို၊ ပြိုင်ပွဲကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဖူဆယ်အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြပြီး Young Boy အသင်းက ၄ ဂိုး-၃ ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များက အနိုင်ရ ဗိုလ်စွဲသွားသော Young Boy အသင်း၊ ဒုတိယဆုရ သီရိရတနာအသင်း၊ ပူးတွဲတတိယဆုရအသင်းများ၊ နေရာအလိုက်အကောင်းဆုံး အားကစားသမားဆုများ၊ ဂိုးသွင်းအများဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မိုင်းဆတ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ဆဋ္ဌမအကြိမ်ထုတ်ချေး

**မိုင်းဆတ် ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဆဋ္ဌမအကြိမ်မြောက်ထုတ်ချေးပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နောင်ဘိုကျေးရွာ၌ ကျင်းပသည်။

မိုင်းဆတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က နောင်ဘိုကျေးရွာရှိကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက နောင်ဘိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား အသင်းသူ ၂၈ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၂ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**






# ဟိုပုံးမြို့နယ် ဝမ်းအွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ဆဋ္ဌမအကြိမ်မြောက် ထုတ်ချေး

**ဟိုပုံး ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်( တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ဆဋ္ဌမအကြိမ်မြောက် ထုတ်ချေးပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဝမ်းအွန်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ဟိုပုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်မြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ဝမ်းအွန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား အသင်းသူ ၃၃ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၉ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ၂၂၂

# စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးအသိပညာပေး

**ဖြူး ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မီးသတ်ဦးစီးဌာနမှ ကျောင်းသားကျောင်းသူများအား မီးဘေးလုံခြုံရေးအသိပညာများ ရရှိစေရေးအတွက် စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးအသိပညာပေး၍ မီးငြိမ်းသတ်သရုပ်ပြသခြင်းကို ဇန်နဝါရီ၂၁ရက် နံနက် ၉ နာရီခွဲက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ပြုလုပ်သည်။

ကျောင်းသား ကျောင်းသူများအား မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးချမ်းဟိန်းလင်းက မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောပြီးနောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသုံးစွဲမှုစနစ်တကျရှိစေရေး၊ မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ မီးလောင်မှုဖြစ်ပွားပေါ်ပေါက်လာပါက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသမှုများ ဆောင်ရွက်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# ဘုတလင်မြို့နယ်၌ ဆောင်းသီးနှံ နေကြာ ၁၈၁၉၅ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ ဆောင်းသီးနှံနေကြာ ဧက ၁၈၀၆၀ လျာထားစိုက်ပျိုးလျက်ရှိရာ ယနေ့အချိန်အထိ လျာထားဧကထက် ၁၃၅ ဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ နေကြာများစိုက်ပျိုးရာတွင် စပ်မျိုး-၁၊ ဆင်းရွှေကြာ-၂၊ နေကြာမျိုးများကို အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များကို စိုက်ပျိုးထားရှိပြီး တောင်သူလယ်သမားများ ဆောင်းသီးနှံနေကြာစိုက်ပျိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ပေးအပ်ခြင်း၊ ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆောင်းနေကြာများကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ရက်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့အချိန်အထိ ၁၈၁၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

ကုသရန်အတွက် အရေးကြီးသော အခန်းမှပါဝင်သည်။ ထို့အပြင် ရူးသွပ်ခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်း ဇရာအကြိုရောဂါကို ကာကွယ်နိုင်သည်။

ပြောင်းခွံကို အစားအစာထုပ်ပိုးရန်နှင့် ပြောင်းအခွံများကို အသားငါးများကင်ရန် ပေါင်းရန်အတွက် ထုပ်ပိုးနိုင်သည်။ မြေကြီးတွင် မြေပွအောင် စွမ်းဆောင်နိုင်သော တီကောင်များကို ဆွဲဆောင်နိုင်ရန် ပြောင်းဖူးခွံကို မြေဩဇာအဖြစ်သုံးကြသည်။ ပြောင်းခွံကိုအမှုန့်ပြုလုပ်ပါက အနံ့အရသာပြည့်စုံသောစားစရာဖြစ်လာသည်။ လောင်စာအဖြစ်သုံးနိုင်သည်။ ပြောင်းဖူးခွံဖြင့် အိမ်တွင်းလက်မှု အတတ်ပညာဖြင့် ခြေသုတ်ခုံပြုလုပ်နိုင်သည်။ ပြောင်းဖူးခွံကို ဖြည့်စွက်ပစ္စည်းအဖြစ်လည်း သုံးနိုင်သည်။ ပြောင်းဖူးခွံကို ဆေးဖက်ဝင်အပင်တို့ စိုက်ပျိုးရာဥယျာဉ်အဖြစ် ဖန်တီးနိုင်သည်။ ပြောင်းခွံသည် မာကျောသန်မာပြီး ကြာရှည်ခံသော်လည်း ဇက်တီးရီးယားပိုးများ ဖျက်ဆီးနိုင်သော အစွမ်းရှိ၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိဘဲ အလွယ်တကူ ကျေပျက်နိုင်သည်။ ရေပူပူတွင် ပျော့ပျောင်းသည်အထိစိမ်ပြီး ပြောင်းဖူးအမွေးများဖယ်ကာ နှံ့နှံ့စပ်စပ် ဆေးကြောပြီးသုံးပါက ကြာရှည်ထုပ်ပိုးနိုင်သည်။ ထို့အပြင် ပြောင်းဖူးခွံသည် လက်မှုပညာအလှဆင်ပစ္စည်းများဖြစ်သော ပြောင်းဖူးခွံ အရုပ်လေးများ၊ စားပွဲတင်အလှဆင်ပန်းပုံလေးများ ပြုလုပ်နိုင်သည်။ ပြောင်းခွံသည် မြေဩဇာအတွက် နိုက်ထရိုဂျင်ဓာတ် ($N_2$) ထည့်သကဲ့သို့ အကောင်းဆုံးဖြစ်သည်။

ပြောင်းတစ်ပင်လုံး၏ အဓိကအသေးစိတ်ပေါ်မူတည်၍ အမျိုးမျိုးအသုံးပြုနိုင်သည်။ ပြောင်းဖူးပင်သည် လေထဲမှ ဖော်မယ်ဒီဟိုက်ကဲ့သို့ အဆိပ်အတောက်ကိုဖယ်ရှားပေးပြီး သန့်စင်နိုင်သည့် ဂုဏ်သတ္တိရှိသော အပင်တစ်မျိုးဖြစ်သည်။ လူအများစုသည် သစ်သီးနှင့် ဟင်းသီးဟင်းရွက်များထက် အာဟာရဓာတ် ပိုမိုပါဝင်နေသော ပြောင်းဖူးကို ပြုတ်စား၊ သုပ်စားသည်က ပိုများသည်။ အဆီ၊ ဆားများ၊ သကြား အစရှိသဖြင့် ချက်ပြုတ်စားသောက်သည်ထက် သုပ်၍သော်လည်းကောင်း၊ စွပ်ပြုတ်လုပ်၍သော်လည်းကောင်း စားသောက်ခြင်းသည် ကျန်းမာရေးနှင့် ပိုမိုညီညွတ်စေပါသည်။

**ရောဂါမျိုးစုံကိုကာကွယ်ပေးနိုင်သော ပြောင်းဖူး**

ပြောင်းဖူးကို ကလေးငယ်များလည်း စားသုံးနိုင်ပြီး ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက်လည်း အထူးကောင်းမွန်ကြောင်း သိရပါသည်။ ပြောင်းဖူးပုံမှန်စားသုံးခြင်းသည် သက်ကြီးရောဂါ၊ အရိုးကျိုးခြင်း၊ အရိုးအက်ခြင်းမှလည်း ကာကွယ်ပေးနိုင်ပါသည်။ ပြောင်းဖူးစားသုံးခြင်းဖြင့် သက်လုံကောင်းစေခြင်း၊ ခန္ဓာကိုယ်ထဲတွင်ရှိသော မကောင်းသောကိုလက်စထရောများကို လျှော့ချပေးနိုင်ခြင်း၊ ကိုယ်အလေးချိန်ကို ထိန်းသိမ်းထားနိုင်ခြင်း၊ အသက်ရှူလမ်းကြောင်း ကျန်းမာရေးကို အကျိုးပြုစေနိုင်ခြင်း စသည့် ဖော်ပြ၍မဆုံးနိုင်သော အကျိုးကျေးဇူးများကိုရရှိနိုင်ပါသည်။ ထို့ပြင်ပြောင်းဖူးငချိပ်သည် အဝလွန်ခြင်းကိုလည်း ကာကွယ်ပေးနိုင်ကြောင်း သိရှိရပါသည်။ နေ့စဉ်လူနေမှုဘဝတွင် ကျန်းမာသောဘဝများအဖြစ် ရေရှည်ရပ်တည်နိုင်ရေးအတွက် အာဟာရဓာတ်များစွာ ကြွယ်ဝပြီး ကျန်းမာရေးကို များစွာကူညီထောက်ပံ့ပေးနိုင်သော ပြောင်းဖူးကို လူတိုင်းစားသုံးသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။




## ကတူးလူမျိုး (သုတေသနစာစုနှင့်မှတ်တမ်းများ) စာအုပ်များလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်များတွင် ပြည်သူများဖတ်ရှုလေ့လာနိုင်ရန်အတွက် ကတူးလူမျိုးတို့၏ ဘာသာစကားထိန်းသိမ်းရေး၊ စာအရေးအသားပေါ်ပေါက်ရေး၊ ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျောက်ပျက်ရေး ရည်ရွယ်ထုတ်ဝေထားသော ကတူးလူမျိုး (သုတေသနစာစုနှင့် မှတ်တမ်းများ) စာအုပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်) ရုံး၌ ကျင်းပသည်။

ဦးစွာ အလှူရှင် ဦးသန်းနိုင် (ကတူးသန်းနိုင်) က စာအုပ်များလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားပြီး ကတူးလူမျိုး (သုတေသနစာစုနှင့် မှတ်တမ်းများ) စာအုပ်အုပ်ရေ ၁၀၀၊ တန်ဖိုးငွေကျပ် ၈၅၀၀၀၀ အား အလှူရှင် ဦးသန်းနိုင် (ကတူးသန်းနိုင်) က ပေးအပ်လှူဒါန်းရာ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်) ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချို့နွယ်ဌေးဝင်းက လက်ခံရယူခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

## သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မန္တလေး)၌ အလုပ်အကိုင်အခွင့်အလမ်း မိတ်ဆက်

**မန္တလေး ဇန်နဝါရီ ၂၁**

သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မန္တလေး)၌ အလုပ်အကိုင်အခွင့်အလမ်း မိတ်ဆက်ဟောပြောပွဲကို ဇန်နဝါရီ ၂၀ ရက်က ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းဒေသကြီး သမဝါယမ အသင်းစုဥက္ကဋ္ဌ၊ ယာဉ်လုပ်ငန်းများကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ UAB Bank နှင့် Fudo Bakery တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယနှစ် ကျောင်းသား ကျောင်းသူများ အတွက် သင်တန်းပြီးဆုံးချိန် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဟောပြောဆွေးနွေးကြပြီး အလုပ်အကိုင်ရရှိရေး ချိတ်ဆက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**



## ၂၀၂၅ ခုနှစ် ဇန်နဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "စာပေကဏ္ဍဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင် (ဇန်နဝါရီလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်တွင် ဒေါက်တာခင်မောင်ညို၊ K.M.A တို့၏ "စာပေကဏ္ဍဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး" မျက်နှာဖုံးဆောင်းပါးများ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ မြသိန်း၊ ညီညီဖေ၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ ညီမော်သိမ်း၊ မိလူသွေး၊ ကိုမောင်မြင့် (Love of Wisdom)၊ ဇလွန်ကျော်ဦးတို့၏ လူငယ်ရေးရာဆောင်းပါးများ၊ ပါမောက္ခကိုကိုအောင်၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ စောနိုင်(အသုံးချဘောဂဗေဒ)၏ စီးပွားရေးဆိုင်ရာ ဆောင်းပါး၊ သောင်းထိုက်ဦး (သဃ်န်းကျွန်းကြီး)၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါး၊ ဇွန်ရွှေထိုက်၏ မူးယစ်ဆေးဝါးဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာမြင့်သန်း၊ ခြယ်မှုန်းသီ၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ရဲထက်ဇော်၊ စိန်ဝင်းနွယ်၊ စိုးစိုး (ပန်းတောင်း)၊ ကြည်လွင်ဦး(ရေနံ)၊ မြသာဝင်း၊ ဆောင်းဝင်းလတ်၊ စိန်ဝင်းမော်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်စာအုပ်ဆိုင်၊ ဖုန်း ၀၉- ၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၅ ခုနှစ် ဇန်နဝါရီလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ကာ ကပ္ပလီ ပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

### မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်း ရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ် နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

### ညအပူချိန်

တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အောက် လျော့နည်းနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ဇန်နဝါရီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

### မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၃ ရက်မှ ၆ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိ ရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တို့တွင် ပေဝက်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် သုံးလက်မခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးလက်မခန့်၊ ဂဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ပေဝက်ခန့်စီ၊ ပုသိမ်မြို့တွင် နှစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်ခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ပေဝက်ခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်း၊ ဆွာလမ်းဆုံနှင့် မြို့မဈေးကြား၊ ယခင်ဘူးကွဲရွာဟောင်း၊ (၃၁)ကေ အကျယ်မြေနေရာတွင် သုခတော်ဝင်အိမ်ရာအပိုင်း(၂) ဆောက်လုပ်ခြင်းလုပ်ငန်းများမှ 4U5S (3 Bed) သံကူကွန်ကရစ်အဆောက်အအုံ (၁၂)လုံး၊ (1092 Sqft)၊ အိမ်ခန်း (၂၄၀)ခန်း ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အောက်ပါ Lot များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot နံပါတ် | အဆောက်အအုံ အမျိုးအစား | အဆောက်အအုံ အမှတ် | အရေအတွက် |
|---|---|---|---|---|
| (က) | Lot 1 | 4U5S (3 Bed) | 2A-1, 2A-2 | (၂)လုံး |
| (ခ) | Lot 2 | 4U5S (3 Bed) | 2A-3, 2A-6 | (၂)လုံး |
| (ဂ) | Lot 3 | 4U5S (3 Bed) | 2A-4, 2A-5 | (၂) လုံး |
| (ဃ) | Lot 4 | 4U5S (3 Bed) | 2A-7, 2A-8 | (၂) လုံ |
| (င) | Lot 5 | 4U5S (3 Bed) | 2A-9, 2A-10 | (၂) လုံး |
| (စ) | Lot 6 | 4U5S (3 Bed) | 2A-12, 2A-13 | (၂) လုံး |

၂။ တင်ဒါပုံစံ ဝယ်ယူခြင်း၊ တင်သွင်းခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - (၂၄-၁-၂၀၂၅)ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - (၇-၂-၂၀၂၅)ရက်၊ (၁၆:၀၀)နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

**(က) စုံစမ်းရန် နေရာ/ ဌာန/ ဆက်သွယ်ရန်ဖုန်း** - **အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
၀၆၇-၈၁၀၈၂၁၂

# အများသိစေရန် သတိပေးတားမြစ်ကြေညာချက်

မုံရွာမြို့၊ အလယ်ရပ်ကွက်နေ ဦးတင်အောင်ဝင်း ၅/မရန(နိုင်) ဝ၁၆၁ဝဝနှင့် ဇနီးဖြစ်သူ ဒေါ်အေးအေးသန်း ၅/မရန(နိုင်)ဝ၁၆ဝဝဝ တို့က [CROCODILE UPVC PIPE CL.5] ကုန်အမှတ်တံဆိပ်ကို မိမိတို့တစ်ဦးတည်း မူပိုင်အဖြစ် ထာဝစဉ်အသုံးပြုရန် ၁ဝ-၁၂-၂ဝ၁ဝရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်- ၂၃၁/၄(၂ဝ၁ဝ)ဖြင့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်စာချုပ်ကို ချုပ်ဆိုကာ မှတ်ပုံတင်ခဲ့ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်၏ နမူနာပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်ကို တုပခြင်း၊ ဆင်တူယိုးမှားပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းမပြုရန် ကျွန်ုပ်၏မိတ်ဆွေ လုပ်ငန်းရှင်များ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးတားမြစ်ကြေညာချက်ကို ထုတ်ပြန်လိုက်သည်-

K MM CROCODILE uPVC PIPE CL . 5

အဆိုပါ [CROCODILE UPVC PIPE CL.5] ကုန်အမှတ်တံဆိပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေလုပ်ငန်းရှင်များက ပိုက်အရွယ်အစား၊ အထူအပါး၊ အရောင်အမျိုးမျိုး စသည်တို့အပေါ်တွင် ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို မူပိုင်အဖြစ် တရားဝင်ရိုက်နှိပ်၍ မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ လုပ်ငန်းရှင်များ ဥပဒေနှင့်အညီ တရားဝင်မူပိုင်အဖြစ် ထာဝစဉ်သုံးစွဲကာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို အခြားမြို့နယ်များတွင် တုပထုတ်လုပ်ဖြန့်ဖြူး၍လည်းကောင်း၊ ဆင်တူယိုးမှားထုတ်လုပ်၍လည်းကောင်း၊ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ဆောင်ရွက်နေကြောင်းကို ကျွန်ုပ်၏မိတ်ဆွေ လုပ်ငန်းရှင်များမှ သက်သေအထောက်အထားများနှင့်တကွ သိရှိပြီးဖြစ်ပါသည်။
ထိုသို့ တုပ၍လည်းကောင်း၊ ဆင်တူယိုးမှားပြုလုပ်၍လည်းကောင်း ထုတ်လုပ်ရောင်းချနေကြသူများ၏ အကြောင်းအရာ အချက်အလက်များကို ကျွန်ုပ်၏ မိတ်ဆွေလုပ်ငန်းရှင်များမှ အလျှင်အမြန်စုံစမ်းလျက်ရှိနေပြီး သက်သေခံချက်များ ပြည့်စုံပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူရန် စီစဉ်နေပြီးဖြစ်ပါသည်။
ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ လုပ်ငန်းရှင်များ မူပိုင်ဖြစ်သော [CROCODILE UPVC PIPE CL.5] အပါအဝင် အထက်ပါဖော်ပြထားသည့် ကုန်အမှတ်တံဆိပ်ကို တုပ၊ ဆင်တူယိုးမှား ပြုလုပ်ကာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသူများအနေဖြင့် ဆက်လက်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမပြုရန် သတိပေးတားမြစ်လိုက်ပါသည်။ သတိပေးတားမြစ်ချက်များကို လိုက်နာခြင်းမပြုပါက ကျွန်ုပ်၏ မိတ်ဆွေလုပ်ငန်းရှင်များမှ တရားမကြောင်း အရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ နှစ်ရပ်စလုံးနှင့်ပင် ဖြစ်စေ၊ မပျက်မကွက် တရားစွဲဆို အရေးယူသွားမည် ဖြစ်ကြောင်း အများသိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးတင်အောင်ဝင်း၊**
**ဒေါ်အေးအေးသန်း**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**သန်းထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၈၆၄/၈၆)**
**ဗဟိုမီးသတ်တောင်ဘက်၊ ကျောက္ကာလမ်း၊ အလယ်ရပ်၊ မုံရွာမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်37W/79446, Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောဒီစောမောင် ၁၄/ပပတ(နိုင်)၁၇၉၂၇၉ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက်ပျက်ပြယ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉ဝ)ရပ်ကွက်၊ ဇေယျာဝတီလမ်းနှင့် ရတနာသိင်္ခလမ်းထောင့်၊ အမှတ် ၁ဝ၈၃ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၉ဝ၊ မြေကွက်အမှတ် ၁ဝ၈၃၊ အကျယ်အဝန်း (အလျား၄ဝx အနံ၆ဝ)ပေ၊ ဧရိယာဝ.ဝ၅၅ဧက၊(၂၄ဝဝ)စတုရန်းပေအကျယ်ရှိ ဦးဝင်းနိုင်(ဘ)ဦးသိန်းမောင် ၁၂/ကမတ(နိုင်)ဝ၃၄၉၃၃အမည်ပေါက် ပါမစ်မြေကွက် အနက်မှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသော ခေါင်းရင်းဘက်ထောင့်ခြမ်း (အလျား၂ဝxအနံ၆ဝ)ပေ၊ ဧရိယာဝ.ဝ၂၇ဧက၊ (၁၂ဝဝ)စတုရန်းပေအကျယ်ရှိ ပါမစ်မြေအမျိုးအစားမြေကွက်အား အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးကျော်သူရအောင်(ဘ)ဦးကျော်ကျော်နိုင် ၁၂/လသယ(နိုင်)ဝ၈၉၆၇၂ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ပေးချေပြီးဖြစ်ပါ၍ မြေကွက်အရောင်းအဝယ်နှင့် ပတ်သတ်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဤမြေကွက်၏အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်ခင်လင်း၁၂/သဃက(နိုင်)၁၄၇၈၁၇ ၏ လွှဲအပ်ညွှန့်ကြားချက်အရ-**

**ဒေါ်မေဝင်းမောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၃ဝ၅၃)**

**ဒေါ်ဝင်းမင်းသန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၆၅၂၂)**

**ရုံး-အမှတ်(၁ဝ/၁၂)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**အိမ်-တိုက်-၄၊ ပြည်တော်အေးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-ဝ၉-၄၂ဝ၉၉၅၆၃၊ ဝ၉-၄၄၃၁၄၁၁၅၈**

# ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေးကော်မတီ

## စားအုန်းဆီအိမ်တိုင်ရာရောက် ရောင်းချဖြန့်ဖြူးမည့် အစီအစဉ်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်သို့ စားအုန်းဆီများကို မိသားစုတစ်စု တစ်လစာဝယ်ယူနိုင်ရန်၊ လျှင်မြန်လွယ်ကူစွာဖြင့် အိမ်အရောက်ဝယ်ယူနိုင်စေရန် ရည်ရွယ်ပြီး အိမ်ထောင်စုတစ်စုလျှင် တစ်လအတွက်တစ်ကြိမ်လျှင် ၂ပိဿာ၇၅ကျပ်သား (၅လီတာ)နှုန်းဖြင့် ဝယ်ယူနိုင်ရေးကို ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက်ဖြန့်ဖြူးရောင်းချရေးကော်မတီမှ စီစဉ်ဆောင်ရွက်ထားပါသည်။

အိမ်ထောင်စုတစ်စုလျှင် တစ်လ ၂ပိဿာ၇၅ကျပ်သား (၅လီတာ) နှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ခရိုင်(၁၄)ခု၊ မြို့နယ်(၄၄)မြို့နယ်တွင် **ခရိုင်အလိုက် Call Center များထားရှိပြီး** မှာကြားချက်များကို လက်ခံမှတ်သားသွားမည်ဖြစ်ပါသည်။ နံနက် (၉:၀၀)နာရီမှ ညနေ (၄:၀၀) နာရီ အတွင်း တနင်္လာနေ့မှ စနေနေ့အထိ (တနင်္ဂနွေနေ့နှင့် အစိုးရ ရုံးပိတ်ရက်မပါ) အောက်ပါ ဖုန်းနံပါတ်သို့ မှာကြားနိုင်ပါသည်-

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် /မြို့နယ်အမည်စာရင်းများ

| စဉ် | ခရိုင်အမည် | မြို့နယ် | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁ | တိုက်ကြီးခရိုင် | တိုက်ကြီးမြို့နယ် | ၀၁-၄၇၀၅၅၆၆ (လိုင်းခွဲ-၁၅ လိုင်း) ၀၉-၉၄၀၁၇၁၂၂၂ (လိုင်းခွဲ- ၁၅ လိုင်း) |
| ၂ | လှည်းကူးခရိုင် | လှည်းကူးမြို့နယ် | |
| ၃ | မှော်ဘီခရိုင် | မှော်ဘီမြို့နယ်၊ ထန်းတပင်မြို့နယ် | |
| ၄ | မင်္ဂလာဒုံခရိုင် | မင်္ဂလာဒုံမြို့နယ်၊ ရွှေပြည်သာမြို့နယ် | |
| ၅ | အင်းစိန်ခရိုင် | အင်းစိန်မြို့နယ်၊ လှိုင်သာယာအရှေ့ပိုင်း၊လှိုင်သာယာအနောက်ပိုင်း | |
| ၆ | သန်လျင်ခရိုင် | သန်လျင်မြို့နယ်၊ သုံးခွမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ် | |
| ၇ | တွံတေးခရိုင် | တွံတေးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဒလမြို့နယ် | |
| ၈ | မရမ်းကုန်းခရိုင် | မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ် | |
| ၉ | ကျောက်တံတားခရိုင် | ကျောက်တံတားမြို့နယ်၊ပန်းဘဲတန်းမြို့နယ်၊ လမ်းမတော်မြို့နယ်၊လသာမြို့နယ်၊ဒဂုံမြို့နယ် | ၀၉-၇၇၁၀၀၂၇၂၂ (လိုင်းခွဲ- ၁၀ လိုင်း) ၀၁-၄၇၀၆၇၂၂ (လိုင်းခွဲ-၁၀ လိုင်း) |
| ၁၀ | အလုံခရိုင် | အလုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ စမ်းချောင်းမြို့နယ် | |
| ၁၁ | သင်္ဃန်းကျွန်းခရိုင် | သင်္ဃန်းကျွန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ တာမွေမြို့နယ်၊ ရန်ကင်းမြို့နယ် | |
| ၁၂ | ဗိုလ်တထောင်ခရိုင် | ဗိုလ်တထောင်မြို့နယ်၊ ဒေါပုံမြို့နယ်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ သာကေတမြို့နယ် | |
| ၁၃ | ဒဂုံမြို့သစ်ခရိုင် | ဒဂုံမြို့သစ်ဆိပ်ကမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း | |
| ၁၄ | ကမာရွတ်ခရိုင် | ကမာရွတ်မြို့နယ်၊ ဗဟန်းမြို့နယ် | |

ဈေးနှုန်းအနေဖြင့် တနင်္လာနေ့တိုင်း သတင်းစာများတွင် ထုတ်ပြန်သည့် လက်ကားရည်ညွှန်းဈေးနှုန်းကို အခြေခံ၍ ကုန်ကျစရိတ်ကို ထည့်သွင်းတွက်ချက်ထားသည့် ဈေးနှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။ Deliveryခကို မှာကြားသည့် ဝယ်သူဖက်မှ ပေးချေရပါမည်။

**ပစ္စည်းရောက်ငွေချေစနစ်** ဖြင့်သာရောင်းချသွားမည် ဖြစ်ပါသည်။ **ဆီဖိုးကို ကြိုတင်ပေးချေရန် မလိုပါ။** မှာကြားရက်နှင့် ပစ္စည်းရောက်မည့်ရက်မှာ သုံးရက်ခန့် ကွာခြားနိုင်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက်ဖြန့်ဖြူးရောင်းချရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း (အရှေ့)ရပ်ကွက်၊ ဩဘာလမ်း၊ တိုက်အမှတ် (၄၅)၊ အခန်း (စတုတ္ထထပ်) (၅လွှာ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၃.၁၀ပေ × ၆၈ပေ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာများဖြစ်သော ဦးဂျေညီညီ (၁၂/သဃက (နိုင်) ၁၇၁၇၆၄) နှင့် ဦးမျိုးမင်းအောင် (၁၀/မလမ (နိုင်) ၂၃၆၄၂၂)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/87942,Stream-II-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်း ၁၄/ပသန(နိုင်)၂၂၇၇၇၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃/တိုးချဲ့)၊ ဆရာစံလမ်း၊ မြေကွက်အမှတ် (၂၆၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်ဆွေဆွေသန့် (၁၁/တကန (နိုင်) ၀၈၆၈၈၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ဆွေဆွေသန့်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/94089, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးဟန်မျိုး ၉/ပမန(နိုင်)၂၁၇၄၄၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## စက်မှုဝန်ကြီးဌာန
## စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)
## စက်မှုကျွမ်းကျင်(၁)နှစ် သင်တန်းအမှတ်စဉ်(၁၃)အတွက် သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)၌ စက်မှုကျွမ်းကျင်(၁)နှစ် သင်တန်းအား အောက်ဖော်ပြပါ ဘာသာရပ်တစ်ခုလျှင် သင်တန်းသား(၃၀)ဦးဖြင့် (၅.၅.၂၀၂၅) ရက်မှ (၃.၄.၂၀၂၆)ရက်နေ့ ထိ ဖွင့်လှစ်သင်ကြား ပေးသွားမည်ဖြစ်ပါသည်–

(က) စက်ကိရိယာကိုင်တွယ်မောင်းနှင်မှုသင်တန်း
(Machine Tools Operator Course)

(ခ) ကွန်ပျူတာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်မှုသင်တန်း
(CNC Operator Course)

(ဂ) လျှပ်စစ်ပညာသည်သင်တန်း
(Electrician Course)

(ဃ) ဂဟေဆက်သင်တန်း
(Welder Course)

(င) အဲယားကွန်းနှင့် ရေခဲသေတ္တာပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်း
(Air–Conditioning & Refrigeration Mechanic Course)

(စ) မော်တော်ယာဉ်နှင့် လယ်ယာသုံးစက်ပစ္စည်းပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်း
(Automobile & Tractor Mechanic Course)

၂။ သင်တန်းဝင်ခွင့်လျှောက်လွှာများနှင့် သင်တန်းဝင်ညွှန်ကြားလွှာများအား အောက်ပါနေရာများတွင် ရယူလျှောက်ထားနိုင်ပါသည်။

- အမှတ်(၂)စက်မှု သင်တန်းကျောင်း(မန္တလေး)၊ (၁၀)လမ်းနှင့် မြို့ပတ်လမ်းထောင့်၊ အကွက်(၁၃)၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း – ၀၉– ၄၄၇၆၆၀၁၄၀၊ ၀၉– ၄၃၀၁၅၀၆၄
- သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။ ဖုန်း–၀၆၇ ၃၄၀၅၀၅၁
- www.industry.gov.mm၊ www.itc.mdy.com website များ

၃။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်–

(က) စနစ်ဟောင်း(၁၀)တန်း ဖြေဆိုဖူးသူ(သို့မဟုတ်) စနစ်သစ် Grade (12) ဖြေဆိုဖူးသူ။

(ခ) ၂၀၂၅ ခုနှစ်၊ မေလ (၅)ရက်နေ့ (သင်တန်းစတင်ဖွင့်လှစ်သည့်နေ့ရက်)တွင် အသက် (၁၇) နှစ်ပြည့်ပြီး (၂၅)နှစ်ထက် မကျော်လွန်သူ။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံသား (ကျား/ မ)

(ဃ) အိမ်ထောင်မရှိသူ (လူပျို/ အပျို)

(င) ကျန်းမာရေးကောင်းမွန်ပြီး စက်မှုဝါသနာပါသူ။

(စ) သင်တန်းမှ ချမှတ်ထားသော ဝန်ခံကတိစည်းမျဉ်းများကို လိုက်နာနိုင်သူဖြစ်ပြီး သင်တန်းကို ပြီးဆုံးအောင်တက်ရောက်နိုင်သူ။

၄။ **လျှောက်လွှာပြန်လည်ပေးပို့ရမည့် (နောက်ဆုံး)ရက်နှင့် အချိန်** – ၂၁.၃.၂၀၂၅ ရက်၊ ညနေ(၁၆:၀၀)နာရီ

၅။ **လူတွေ့နှုတ်မေးစစ်ဆေးမည့်ရက်** – ၇.၄.၂၀၂၅ ရက်နေ့မှ ၉.၄.၂၀၂၅ ရက်နေ့ထိ (၃)ရက်

**သင်တန်းရေးရာဌာန**
**အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ အလက(ခွဲ)(၇)၊ တတိယတန်းမှ ဦးသောင်းခိုဇန်း၏သမီး မဗရော်နီကာဘန်ဇင်းဆုန်နှင့် မလိုန်ငိုက်ကျိန်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ CEPS ကိုယ်ပိုင်အလယ်တန်းကျောင်း Grade–5မှ ဦးဂျီဝမ်း၏သား မောင်အောင်နိုင်လင်း၏ အမည်မှန်မှာ မောင်ဂေါ်ရောသ် ဖြစ်ပါကြောင်း။

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေး ရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့၊ ယွန်းတန်းရပ်ကွက်၊ အကွက်အမှတ် (၂၇) လက်ခုတ်တန်းအကွက်၊ ဦးပိုင်အမှတ် (၉၈)၊ ဧရိယာ (၀.၁၂၀)ဧကရှိ ဦးသင်းထုံ–ဒေါ်ငွေနု အမည်ပေါက် ဘိုးဘပိုင် မြေကွက်အား မူလအမည်မှ ဒေါ်သိဂီထွန်း၊ ဒေါ်ကေသီထွန်း၊ ဦးဇာနည်ထွန်းမောင်နှမ(၃)ဦး အမည်သို့ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း(၃၀)အတွင်း ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်တင်ပြကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းလဲခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေတောင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အောင်သပြေအရှေ့ (၈)လမ်း၊ (၇)ရပ်ကွက်၊ အမှတ်(၇၈၈)၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်အနက်၊ (၆လွှာ–B) တိုက်မျက်နှာမူလျှင် (ယာဘက်)၊အကျယ်အဝန်း (၁၉x၅၄ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် စွဲကပ်တပ်ဆင်ထားသော မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ရေး၊မီးအပြည့်အစုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ တရားဝင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်နွယ်နီဝင်း (၁၂/ဗဟန(နိုင်)၀၁၅၇၆၈)**ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းအား မည်သူမဆိုကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက ဤပစ္စည်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရတနာငွေခိုင်(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်–၅၀၅၁၉)**
**အမှတ်(B–3–0904),Golden City Condominium**
**ရန်ကင်းလမ်းမ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၀၃၆၇၁၀၂၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ တရော်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၄/တရော်ကုန်း)၊ ဦးပိုင်အမှတ်(၈၉)၊ ဧရိယာ (၀.၀၅၂)ဧကရှိ ဘိုးဘပိုင်မြေကွက်သည် အောင်လံမြို့နယ်၊ မြေစာရင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဦးကံရှိန် အမည်ပေါက်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား(၂၀–၁၁–၂၀၂၄)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အမှတ်(၄၃/၂၀၂၄)ဦးအောင်မြသိန်းမှ ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၃၀) ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး၊**
**အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/1294, Mazda Titan LHR 5,4, L/T ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်ဇင်ဒွေး ၁၄/ဓနဖ(နိုင်)၁၃၈၅၅၄ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/25299, YAMAHA 125, MOTOR CYCLE ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဆိုင် ၁၃/မဆတ(နိုင်)၀၃၀၈၂၀က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မူဆယ်)၊**
**မူဆယ်မြို့**

## ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ဒေါ်ပိုးဖြူသဲ (၁၀/မဒန(နိုင်)၂၃၉၂၆၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ဦးသက်ပိုင်ခနှင့် ဒေါ်ပိုးဖြူသဲတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၁၇–၅–၂၀၂၁)ရက်တွင် ထိမ်းမြားလက်ထပ်၍ တရားဝင်အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့သော်လည်း ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့သဖြင့်လည်းကောင်း၊ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့်လည်းကောင်း (၁၇–၁–၂၀၂၅) ရက်တွင် **"နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"**ကို နှစ်ဖက်မိဘအားသက်သေထား၍ မိမိတို့၏လွတ်လပ် သောသဘောဆန္ဒအရ ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။

သို့ဖြစ်၍ ဦးသက်ပိုင်ခနှင့် ဒေါ်ပိုးဖြူသဲတို့သည် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဇေယျ (LL.B) တရားလွှတ်တော်ရှေ့နေ ( စဉ် – ၁၄၂၄၅ )**
**တိုက်အမှတ် – (B 6)၊ အခန်း (၄၀၁)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊**
**(၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉ – ၇၉၇၇၈၃၅၁၆**

## ကန့်ကွက်လွှာခေါ်ယူခြင်း

အများပြည်သူသိရှိနိုင်စေရန် ကြေညာအပ်ပါသည်–

၁။ ဒိုက်ဦးမြို့နယ်– အမှတ် (၆)ရပ်ကွက်၊ (၇)လမ်း၊ ကွင်းအမှတ် ၄၁၁ᵃ၊ ကွင်းအမည် ဘရန်းကြာအင်းလေး၊ ဦးပိုင်အမှတ် ၃၁၂၊ ဧရိယာ (၀.၀၅၅၁) ဧကအား ဦးကျော်မျိုးထက် အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

၂။ လျှောက်ထားသောမြေ အလားလေးရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

အရှေ့လားသော် – ဦးပိုင်အမှတ်–၃၁၁၊
အနောက်လားသော် – ဦးပိုင်အမှတ်–၃၁၃၊
တောင်လားသော် – (၇)လမ်း၊
မြောက်လားသော် – လမ်းကြား၊

၃။ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ခုနစ်ရက်အတွင်းနောက်ဆုံးထားပြီး ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက် ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ၄င်းရက်ကျော်လွန်သော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားလိမ့်မည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဒိုက်ဦးမြို့**

## ကန့်ကွက်လွှာခေါ်ယူခြင်း

အများပြည်သူသိရှိနိုင်စေရန် ကြေညာအပ်ပါသည်–

၁။ ဒိုက်ဦးမြို့နယ်၊ ဆင်စခန်း ကျေးရွာအုပ်စု ရန်–မန်းလမ်း/ရွာရှိ ကွင်းအမှတ် ၄၀၈ᵐ၊ ကွင်းအမည် ကြာအင်းလေး၊ ဦးပိုင်အမှတ် ၇/၅၊ မြေကွက်အမှတ်၊ ဧရိယာ ၀.၀၅၃၂ဧကအား ဦးချစ်စိုးဇော် အမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားလာပါသည်။

၂။ လျှောက်ထားသော မြေအလားလေးရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

အရှေ့လားသော် – ဦးပိုင်အမှတ် (၇)
အနောက်လားသော် – ရန်ကုန်–မန္တလေးကားလမ်း
တောင်လားသော် – ဦးပိုင်အမှတ် ၇/၄
မြောက်လားသော် – ဦးပိုင်အမှတ် ၇/၆

၃။ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (၇)ရက်အတွင်း နောက်ဆုံးထားပြီး ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ၎င်းနေ့ရက်ကျော်လွန်သော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားလိမ့်မည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**




## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်ရွှေရည်သီရိ | ပုသိမ် | ရကအ–၁၃ | ၅၂/ကင်မလင်းကျွန်း | R.၁၈ | ၀.၀၅၉ | အသစ် |
| ၂ | ဦးအောင်မြင့် | ပုသိမ် | ရကအ–၁၃ | ၅၂/ကင်မလင်းကျွန်း | R–၁၂၊ R–၁၄၊ R–၁၅ | ၀.၅၆၄ | အသစ် |
| ၃ | ဦးအောင်မြင့်၊ဒေါ်မိမိခိုင် | ပုသိမ် | ရကအ–၁၃ | ၅၂/ကင်မလင်းကျွန်း | R–၁၃၉(က) | ၀.၃၃၃ | အသစ် |
| ၄ | ဦးအောင်မြင့်၊ ဒေါ်မိမိခိုင် | ပုသိမ် | ရကအ–၁၃ | ၅၂/ကင်မလင်းကျွန်း | R–၁၃၉(ခ) | ၀.၂၉၅ | အသစ် |
| ၅ | ဦးအောင်မြင့်၊ ဒေါ်မိမိခိုင် | ပုသိမ် | ရကအ–၁၃ | ၅၂/ကင်မလင်းကျွန်း | R–၁၃၉(ဃ) | ၀.၃၃၀ | အသစ် |
| ၆ | ဦးအောင်မြင့်၊ ဒေါ်မိမိခိုင် | ပုသိမ် | ရကအ–၁၃ | ၅၂/ကင်မလင်းကျွန်း | R–၁၃၈ | ၀.၅၃၀ | အသစ် |
| ၇ | ဦးသန်းစိုး | ပုသိမ် | ရကအ–၂ | ၃၁/ကံသုံးဆင့်အနောက် | ၂–ခ | ၀.၀၁၁ | သက်တမ်းတိုး |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤ ရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/7373 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးခင်မောင်မြင့်၏သမီး ကျွန်မ မနှင်းရတနာအေး ၉/တတဥ(နိုင်)၁၅၃၁၇၅၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၆၇၂၀၄၁၃၃

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၂/ခင်ကြီးရပ်)၊ဦးပိုင်အမှတ်(၇၅–ဂ+၇၅–ဃ)၊ မြေဧရိယာ(၀ဒသမ၀၂၇)ဧကရှိ လျှောက်ထားမြေ၏ အရှေ့ဘက် ရန်ကုန်–မန္တလေးကားလမ်း၊ အနောက်ဘက်တွင် ဦးပိုင်(၇၄)၊ တောင်ဘက်တွင် ပါရမီလမ်း၊ မြောက်ဘက်တွင် လမ်းကြား၊ အလားလေးရပ်အတွင်းရှိမြေအား ဦးအောင်စစ်ပိုင် ၁၂/ပဘတ(နိုင်)၀၃၅၈၀၀၇မှ သက်တမ်းတွင်း၊ အမည်ပြောင်း မြေငှားဂရန် ခွင့်ပြုရရှိရေး မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး လျှောက်ထားလာသဖြင့် သတင်းစာတွင် ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်နေ့အထိ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဦးအောင်စစ်ပိုင်မှ သက်တမ်းတွင်း၊ အမည်ပြောင်း မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုတ်တွင်းမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉–၁၂–၂၀၂၄ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၆) ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)၏ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူ လျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် ၇စဃ/၉၈၉၃၁ အစား ၇စဃ/ ၉၈၅၃၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ–၁၂)၊ ဦးပိုင်အမှတ်(၉၁)၊ ၆၁x၆၂ကြား၊၁၁၆x၁၁၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ကျော်စိုး ၉/မရမ(နိုင်)၀၃၅၈၁၅၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ်(၈၁၇၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လူမေ ၁၃/တယန(နိုင်)၀၃၇၃၀၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃–၁၂–၂၀၂၄ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၇) ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၏ ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 64W/38912 အစား 64W/88912 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဆရပ်ကွက်၊ အကွက်အမှတ် ခ၈–၃၊ ဦးပိုင်အမှတ် ၇၁၊ အေးသုခ(၁၃၀)လမ်းနှင့် ရတနာ(၁၃၁)လမ်းကြား၊ ၆၆x၆၇လမ်းကြားရှိ ဒေါ်ခင်စိန်သန်း အမည်ပေါက်တောဂရန်မြေကွက်အား တရားလို ဦးမြင့်လွင်(၎င်း၏ GPရရှိသူ ဦးရန်လင်းနောင်)က တရားပြိုင် ဒေါ်ခင်စိန်သန်း အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၆၆/၂၀၂၀)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးမြင့်လွင် ၁၂/လသန(နိုင်)၀၀၆၄၅၂ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ အမှတ်(၁၅)ရပ်ကွက်၊ အကွက်အမှတ်(၅၁)၊ ပိန္နဲကုန်းအကွက်၊ ဦးပိုင်အမှတ်(၁၆–က)၊ (၁၇–က)၊(၂၂–က)၊(၂၆–ဃ)၊ (၃၂–က)၊ (၃၂–က)(၃၆–က)၊(၄၄–က)၊ ဧရိယာ(၄.၈၅)ဧကရှိမြေကို ပုသိမ်လေဆိပ် မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေပေးမိန့်ခွင့်ပြုပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက် အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် သမဝါယမအသင်းစု လီမိတက်တွင် အိတ်ဖွင့်တင်ဒါ လျှောက်လွှာခေါ်ယူခြင်း

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အောင်သုခရပ်ကွက်ရှိ မြေ (၀ဒသမ၀၄)ကေအား အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်–

၁။ လေလံလျှောက်လွှာရောင်းချမည့်ရက် – ၂၂–၁–၂၀၂၅ရက်မှ ၂၇–၁–၂၀၂၅ရက်ထိ

၂။ လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက် – ၂၇–၁–၂၀၂၅ရက် (တနင်္လာနေ့) ညနေ ၄နာရီ

၃။ လေလံတင်ရောင်းချမည့်ရက် – ၂၈–၁–၂၀၂၅ ရက် နံနက် ၁၀နာရီ

၄။ လေလံတင်ရောင်းချမည့်နေရာ – ကျိုက်မရောမြို့နယ် သမဝါယမအသင်းစုရုံး၊ အစည်းအဝေးခန်းမ

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များအား မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကျိုက်မရောမြို့နယ်သမဝါယမအသင်းစု**
**ဖုန်း–၀၉–၄၂၇၇၂၀၅၀၈၊ ၀၉–၉၈၂၁၂၃၇၇၇**

## ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ သမဝါယမအသင်းစုမှ လေလံလျှောက်လွှာခေါ်ယူခြင်း

မင်းလှမြို့နယ်၊ သမဝါယမအသင်းစုပိုင်၊ ဗိုလ်ရုံတန်းရပ်ကွက်၊ ဗိုလ်ရုံတန်းရွာသစ်လမ်း၊ အမှတ်(၇)ရှိ အလျား ၁၀၀ပေ x အနံ ၃၉ပေနှင့် အဆိုပါမြေပေါ်ရှိ သွပ်မိုးအုတ်ကာ တစ်ထပ်အဆောက်အအုံ (၆၀'x၃၀')တစ်လုံး

**လေလံလျှောက်လွှာရောင်းချမည့်ရက်** – ၂၂–၁–၂၀၂၅ ရက် ညနေ(၁၆:၀၀)နာရီ

**လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** – ၂၈–၁–၂၀၂၅ ရက် ညနေ(၁၆:၀၀) နာရီ

**လေလံတင်ရောင်းချမည့်ရက်** – ၂၉–၁–၂၀၂၅ ရက် နံနက်(၁၀:၀၀)နာရီ

**လေလံလျှောက်လွှာရောင်းချမည့်နေရာ** – မင်းလှမြို့နယ်သမဝါယမအသင်းစု လီမိတက်ရုံး

**လေလံလျှောက်လွှာထည့်သွင်း ဖွင့်ဖောက်မည့်နေရာ** – မင်းလှမြို့နယ်သမဝါယမအသင်းစု လီမိတက်ရုံး ဗိုလ်ရုံတန်းရပ်ကွက်၊ ဗိုလ်ရုံတန်းရွာသစ်လမ်း၊ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့

**ဆက်သွယ်ရန်ဖုန်း–၀၉–၄၂၃၇၀၈၁၅၀**
**လေလံလျှောက်လွှာရောင်းချရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသျှာမြို့သစ်၊ အမှတ်(၈)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၃)၊ မြေကွက်အမှတ်(၁၀၈၊ ၁၀၁)၊ မြေဧရိယာ(၀.၁၉၂)ဧကရှိမြေအား ပဲခူးခရိုင် မြို့မြေအမှုအမှတ် ၂၃၄/ငါး/၁၉၉၇–၁၉၉၈အရ (၃၁–၇–၁၉၉၇)မှ (၃၀–၇–၂၀၂၇)ရက်အထိ ဒေါ်အေးသန်းအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားသော မြေနေရာ၏မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ဒေါ်အေးသန်း၏ ကိုယ်စားလှယ်လွှဲအပ်ထားသူ ဦးဇော်မင်းထွန်းမှ မြေငှားဂရန်မိတ္တူကူးယူခွင့် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးဇော်မင်းထွန်း (၁၂/ကတန(နိုင်)၀၀၀၃၇၁) ဖုန်း–၀၉–၅၃၀၀၆၃၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း–၃၊ မြေကွက်အမှတ်(၁၇၁၅)၊ ဧရိယာ(၀ဒသမ ၀၅၅)ဧကရှိ ဒေါ်လှလှဝင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်ခင်ခင်ကြီး ၁၂/လမန(နိုင်) ၀၀၄၁၃၅မှ ဒက္ခိဏခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်(၄၉/၂၀၁၉)၊တရားမဇာရီမှုအမှတ်(၆၈/၂၀၂၂)၊ တရားမပုံစံအမှတ် ၁၀၄၊ တရားမပုံစံအမှတ် ၁၀၆၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ်အမည်ပေါက်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်အမည်ပြောင်းလျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 49W/69498, Honda Wave–100,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဇာသူ ၁၄/ပသန(နိုင်)၁၈၂၀၆၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ရမည်းသင်းခရိုင် တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှု အမှတ်–၆၃

| | | |
|---|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး | နှင့် | ၁။ အမြဲမှန်သတ္တုလုပ်ငန်းကုမ္ပဏီ လီမိတက် |
| အမှတ်(၂)သတ္တုတွင်းလုပ်ငန်း | | ၂။ ဦးခွန်ယု |
| သယံဇာတနှင့်သဘာဝ | | ၃။ ဦးခွန်သူရိန် |
| ပတ်ဝန်းကျင်ထိန်းသိမ်းရေး | | ၄။ ဒေါ်စောမြတ်မွန် |
| ဝန်ကြီးဌာန(ယခင်သတ္တုတွင်းဝန်ကြီးဌာန)၊ နေပြည်တော် | | ၅။ ဒေါ်စောပန်းပန်းယု |
| ၎င်း၏ကိုယ်စား ဦးဇော်မျိုးနိုင်၊ | | ၆။ ဦးစိုင်းဝင်းမြင့် |
| လက်ထောက်မန်နေဂျာ | | ၇။ ဦးထွန်းရွှေ |
| အမှတ်(၂)သတ္တုတွင်းလုပ်ငန်း | | |
| ( တရားလို ) | | (တရားပြိုင်များ ) |

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ (၉)ရပ်ကွက်၊ အမှတ်(၁၀၁/ဒီ) တွင်နေထိုင်ကြသော (၁–တရားပြိုင်) အမြဲမှန် သတ္တုလုပ်ငန်းကုမ္ပဏီလီမိတက်၊ (၂–တရားပြိုင်)ဦးခွန်ယု၊ (၃–တရားပြိုင်)ဦးခွန်သူရိန်၊ (၄–တရားပြိုင်) ဒေါ်စောမြတ်မွန်၊ (၅–တရားပြိုင်) ဒေါ်စောပန်းပန်းယု၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ စံပယ်ခြံ(၃)လမ်း၊ အမှတ်(၄)နေ (၆–တရားပြိုင်) ဦးစိုင်းဝင်းမြင့်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၆၆၆)နေ (၇–တရားပြိုင်) ဦးထွန်းရွှေ (ယခုနေရပ် လိပ်စာမသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုသတ္တုတွင်းဝန်ကြီးဌာနကိုယ်စား ဦးဇော်မျိုးနိုင်က "ပေးသွင်းရန် ရွှေကြေးကျန် ၂၉.၅၅ ကျပ်သား၊ ကာလတန်ဖိုးအားဖြင့် ငွေကျပ် ၅၄၈၅၉၅၇၅,၀၀ ရလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ– ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၃၀)ရက်၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း(၂)ရက်နေ့ မွန်းမတည့်မီ နံနက် ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေလင်းထူး )**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရမည်းသင်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စနိုးကွင်းကိုယ်ပိုင် အထက် တန်းကျောင်းGrade–11(A) တွင် ပညာသင်ကြားနေသော မောင်နိုင်မြင့်မိုရ် ၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်လတ် ၁၃/မတန(နိုင်)၀၀၇၁၉၆ဖြစ်ပါကြောင်း။

**ဦးမောင်မောင်လတ်**

## အမည်မှန်

ဦးသန့်ဇင်မိုး ၈/ခမန(နိုင်) ၁၁၅၁၂၉၏ သမီး မကွေးမြို့၊ G.T.H.S (ကံပြားကျောင်း) မှ တတိယနှစ်ကျောင်းသူ မမေစန္ဒီကျော်၏ အမည်မှန်မှာ မမေဆန်နီကျော် ဖြစ်ပါကြောင်း။

**မမေဆန်နီကျော်**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ရွှေဘိုမြို့၊ အမှတ် (၇)ရပ်ကွက်၊ အကွက်အမှတ် (၁၄)၊ အကွက်အမည် (ချီပါစုရပ်)၊ ဦးပိုင်အမှတ် (၃၄ᵍ)၊ ဧရိယာ (၀.၁၉၀)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် –

(က) အရှေ့လားသော် – လမ်းမြေ
(ခ) အနောက်လားသော် – ဦးပိုင်အမှတ်(၃၄ᵇ)
(ဂ) တောင်လားသော် – ဦးပိုင်အမှတ် (၃၄ᶜ)
(ဃ) မြောက်လားသော် – လမ်းကြားမြေ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးအောင်ဇော်မိုး၊ ဒေါ်နွယ်နွယ်အောင်တို့မှ လျှောက် ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်းလာရောက် ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ် နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**ရွှေဘိုမြို့နယ်မြေစာရင်းဦးစီးဌာန ၊ ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ် ၆/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၉၂)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးမျိုးမင်းလတ် ၉/မမန(နိုင်) ၀၇၉၉၁၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်းမြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် မမ–၇၊ ဦးပိုင်အမှတ် ၄၉၊ ၁၁၅x၁၁၆ကြား၊ ၄၇x၄၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အမာတင် ၉/မရမ(နိုင်) ၀၃၉၉၉၄၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၄၈၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းယဉ်မိုင် ၉/ပသက (ပြု)၀၀၀၀၇၂ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/85248, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမဲဒိုး ၁၄/ပသရ(နိုင်) ၀၃၉၁၀၈ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## လေလံလျှောက်လွှာခေါ်ယူခြင်း

ရေကြည်မြို့၊ အောင်ဆန်းရပ်ကွက်၊ အောင်ဆန်းလမ်းထောင့်ရှိ မြို့နယ်သမဝါယမအသင်းစုပိုင် (အလျားxအနံ) (၆၀'x၂၇')မြေပေါ်ရှိ (၂)ထပ်အဆောက်အအုံကို အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း** – ၀၉–၄၅၆၉၀၁၉၀၉ / ၀၉–၄၂၂၄၈၉၉၈၅
**လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက်** – (၂၄–၁–၂၀၂၅)
**လေလံပိတ်သိမ်းမည့် ရက်/အချိန်** – (၃၁–၁–၂၀၂၅) ရက်၊ ညနေ (၁၆:၃၀)နာရီ
**လေလံဖွင့်ဖောက်မည့် ရက်/အချိန်** – (၁–၂–၂၀၂၅) ရက်၊ နံနက် (၁၀း၀၀)နာရီ

**လေလံထုခွဲရောင်းချရေးအဖွဲ့**
**ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၆၇

| | | |
|---|---|---|
| ဦးတင်ဦး | နှင့် | ၁။ ဒေါ်အေးအေးရီ |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် | | ၂။ ဦးလှမြင့် |
| ဒေါ်နန်းနွယ်) | | ၃။ ဒေါက်တာ စိုးလင်းဟန် |
| (တရားလို) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှု (၁)လမ်း၊ အမှတ် (၁၁၂) နေ ဦးလှမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အဝေယာလမ်း၊ အမှတ် (အေ–၄) နေ ဒေါက်တာ စိုးလင်းဟန် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "သဃ်န်းကျွန်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ်– ၄/၂၀၂၂ တွင် တရားမကျင့်ထုံး ဥပဒေအမိန့်–၂၁၊ နည်း–၅၈အရ ဝရမ်းခွာပေးရန် လျှောက်ထားမှုကို ပလပ်ခဲ့သည့် တိုက်ခန်းကို တရားလိုပိုင်ဆိုင်ခွင့်ရှိကြောင်း အမိန့်–၂၁၊ နည်း–၆၃ အရ မြွက်ဟကြေညာပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၄)ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း (၇) ရက်နေ့) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင့်တင့်ဌေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အထက (၇) Grade–9 မှ မောင်သူရလင်း၏ ဖခင်အမည်မှန်မှာ ဦးတရုတ် ၁၀/ဘလန(နိုင်)၀၈၇၈၈၆ ဖြစ်ပါကြောင်း။

**ဦးတရုတ်**

## အမည်ပြောင်း

(ဘ)ဦးဇော်မိုး ၈/မဘန(နိုင်)၀၀၁၆၂၂၏သား မင်းဘူးမြို့၊ အခြေခံပညာမူလတန်းကျောင်း (မြောက်ရပ်) Grade–1 မှ မောင်ရဲဘုန်းမြတ်အား မောင်လွင်ဘုန်းခန့် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လွင်ဘုန်းခန့်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

